ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၂၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်**

**( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက် )**

**[ အင်္ဂါနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၆)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၅၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၃.၁၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၂၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးထွန်းလွင်၊ ကချင်(၉)၊ ကျန်းမာရေး။ ဦးဌေးမောင်၊ မန္တလေး(၁၂)၊ ကျန်းမာရေး။ ဦးစောအုန်း၊ မွန်(၉)၊ မိသားစုအလှူကိစ္စ။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မောင်မြင့်၊ တနင်္သာရီ(၃)၊ ကျန်းမာရေး။ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ ကော်မတီကိစ္စ။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်ဌေး၊ မန္တလေး(၁၀)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ်အောင်စန်းချစ်၊ တပ်မတော်၊ ကျန်းမာရေး။ ဗိုလ်မှူးအောင်ကျော်ဇော၊ တပ်မတော်၊ တာဝန်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ဥပဒေကြမ်းကော်မတီ အစည်းအဝေး။ ဦးစိုးမြင့်၊ မကွေး(၆)၊ ဥပဒေကြမ်းကော်မတီ အစည်းအဝေး။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ငင်းအတိုင်း။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ငင်းအတိုင်း။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်း အစည်းအဝေး။ ဦးဝင်းမောင်၊ မန္တလေး (၂)၊ ငင်းအတိုင်း။ ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ တပ်မတော်၊ ငင်းအတိုင်း။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ငင်းအတိုင်း။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ငင်းအတိုင်း။ ဦးလှဆွေ၊ မကွေး(၁၂)၊ ငင်းအတိုင်း။ ဦးဂျေယောဝူ၊ ကချင်(၁၂)၊ ငင်းအတိုင်း။ ဒေါက်တာဗညားအောင်မိုး၊ မွန်(၇)၊ ငင်းအတိုင်း။ ဦးပေါ်လျှံလွင်၊ ချင်း(၉)၊ ငင်းအတိုင်း။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ငင်းအတိုင်း။ ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်(၁)၊ ငင်းအတိုင်း။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ကျန်းမာရေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၆)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၅၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့တွင် ဟိုတယ်ဇုန် သို့မဟုတ် အပန်းဖြေစခန်းများ ပြန်လည်ဖွင့်လှစ်သွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်သက်ဦး က ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့တွင် ဟိုတယ်ဇုန် သို့မဟုတ် အပန်းဖြေစခန်းများ ပြန်လည်ဖွင့်လှစ်သွားရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဗိုလ်မှူးကျော်သက်ဦး (တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ရွေးကောက်ပွဲကော်မရှင်များ၊ အစည်းအဝေးသို့ တက်ရောက်လာကြပါသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါဟု နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၃၄၅၀၀ ဗိုလ်မှူးကျော်သက်ဦး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော် ဒီကနေ့ မေးမြန်းမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့တွင် ဟိုတယ်ဇုန် သို့မဟုတ် အပန်းဖြေစခန်းများ ပြန်လည်ဖွင့်လှစ်သွားရန် အစီအစဉ် ရှိ/မရှိ ဆိုသည့် မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သံတောင်ကြီးမြို့ဟာ ကရင်ပြည်နယ်၊ ဖားအံခရိုင်တွင် တည်ရှိပြီး၊ ပင်လယ်ရေမျက်နှာပြင်အထက် ပေ(၄၀၀၀)အထက်တွင် တည်ရှိပါတယ်။ တောင်ငူ၊ ရေတာရှည်၊ ကျောက်ကြီး၊ ဖာပွန်၊ ဖရူဆို၊ ပျဉ်းမနား၊ ဖယ်ခုံမြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်လျက် ရှိပါတယ်။ အဓိကဆက်သွယ်ရေးလမ်းကြောင်းမှာ ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းအမျိုးအစားဖြစ်ပြီး၊ တောင်ငူ မှ သံတောင်ကြီးမြို့သို့ အရှည်(၂၇)မိုင် ရှိပါတယ်။ တောင်ငူမှ သံတောင်ကြီးမြို့သို့ (၁၃)မိုင်အထိ မြေပြန့်လမ်း အမျိုးအစားဖြစ်ပြီး၊ (၁၃)မိုင်မှ သံတောင်ကြီးသို့ (၁၄)မိုင်မှာ တောင်ပေါ်လမ်း အမျိုးအစားဖြစ်ပြီး အတက်လမ်းနှင့် အဆင်းလမ်း (၂)မျိုး ဖောက်လုပ်ထားပါတယ်။

သံတောင်ကြီးဒေသသည် မိုးများသော ဒေသဖြစ်ပြီး၊ မိုးရာသီ စတင်သည့် ဇွန်လဆန်းမှ ဆောင်းရာသီ နိုဝင်ဘာလအထိ မိုးများ အဆက်မပြတ်ရွာသွန်းကာ မြူမှုန်များ ကျတတ်သည့် တောင်ပေါ်ဒေသတစ်ခု ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ စာရင်းဇယားများအရ မိုးရွာရက် (၁၄၆)ရက်ဖြစ်ပြီး၊ မိုးရေချိန် (၁၈၄.၂၅)လက်မဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒီဇင်ဘာလ မှ ဧပြီလအထိ ရာသီဥတု အေးချမ်းသော ဒေသဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သံတောင်ကြီးမြို့မှာ ၂၀၀၀ ခုနှစ်လောက်တုန်းက ဟိုတယ်ဇုန်ဖွင့်လှစ်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များကို လုပ်ကိုင်ခွင့်ပေးခဲ့ကြောင်း သိရှိရပါတယ်။ ဟိုတယ်ဇုန်ကို ဇုန်(၁)၊ ဇုန်(၂) သတ်မှတ်ပြီး မြေ(၁၀)ဧကဝန်းကျင် ရှိပါတယ်။ လုပ်ကိုင်ခွင့်ရတဲ့ ပုဂ္ဂလိကကုမ္ပဏီများဟာလည်း အဆောက်အဦများ ဆောက်လုပ်ခဲ့သော်လည်း ၎င်းအချိန်တွင် သံတောင်ကြီးဒေသသည် လုံခြုံရေးအရ အပြည့်အဝ စိတ်မချရခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများကြောင့် လာရောက်တည်းခိုသူ မရှိသလောက် နည်းပါးလှပါတယ်။ ဒါကြောင့်လည်း စီးပွားရေးအရ

တွက်ခြေမကိုက်သဖြင့် လုပ်ငန်းများ လည်ပတ်မှုမရှိကာ လုပ်ငန်းများ ရပ်တန့်ခဲ့ပါတယ်။ ဆောက်လုပ်ခဲ့တဲ့ အဆောက်အဦများဟာလည်း ထိန်းသိမ်းမယ့်သူ မရှိတဲ့အတွက် ပျက်စီးခဲ့တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

ယခုအချိန်မှာတော့ သံတောင်ကြီးဒေသသည် အစိုးရနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရန် သဘောတူ လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကြောင့် လုံခြုံရေး အပြည့်အဝရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးမှာလည်း ယခင်ကနဲ့မတူ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့ကောင်းမွန်လာပြီ ဖြစ်ပါတယ်။ သံတောင်ကြီးဒေသဟာ လမ်းပန်းဆက်သွယ်ရေးအရလည်း မဝေးကွာလှသောနေရာတွင် တည်ရှိပြီး၊ တောင်ငူမှ (၂၇)မိုင်၊ ရန်ကုန်မှ မိုင်(၂၀၀)ဝန်းကျင်၊ မန္တလေးမှ မိုင်(၃၀၀)ဝန်းကျင်တွင် တည်ရှိပြီး၊ ဆောင်းရာသီ နွေရာသီတွင် ရာသီဥတု သာယာအေးမြကာ အပန်းဖြေရန် ကောင်းမွန်သော တောင်ပေါ်ဒေသတစ်ခု ဖြစ်ပါတယ်။ လာရောက်လည်ပတ်သော ခရီးသွားများအနေဖြင့် ဒေသန္တရဗဟုသုတ တိုးပွားခြင်း၊ လတ်ဆတ်သော လေကောင်းလေသန့်များနှင့် တောတောင်သဘာဝရှုခင်းများကို ခံစားရမှာဖြစ်ပြီး၊ သံတောင်ကြီးမြို့ပေါ်ရှိ နော်မူဖော ဆုတောင်းတောင်၊ သံတောင်ကြီးအလာ (၁၃)မိုင်ရှိ ပသီချောင်း အပန်းဖြေစခန်းများကိုလည်း တစ်ပါတည်း လည်ပတ်နိုင်မှာ ဖြစ်ပါတယ်။

ဟိုတယ်ဇုန်များ မဟုတ်ရင်တောင်မှ အပန်းဖြေစခန်းများ ဆောက်လုပ်ပြီး ဈေးနှုန်းသင့်တင့်စွာ တည်းခိုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးမယ်ဆိုရင် ပြည်တွင်းခရီးသွားများသာမက နိုင်ငံခြားသား ဧည့်သည်များပါ စိတ်ဝင်တစားရှိလာမှာ ဖြစ်ပါတယ်။ ခရီးသွားများ လာရောက်လည်ပတ်လာသည်နှင့် အမျှ ဒေသခံတိုင်းရင်းသားများ အနေဖြင့် ဗဟုသုတ တိုးပွားခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းရရှိခြင်း၊ မိမိတို့ဒေသသည် ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်သည့် ဒေသဖြစ်သည့်အတွက် မိမိဒေသအား ဂုဏ်ယူတတ်သည့် စိတ်များ ဖြစ်ပေါ်လာနိုင်ပါတယ်။


လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မှတ်တမ်းဓာတ်ပုံများကို Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ဘယ်ဘက်မှာ ပြထားတဲ့ဟာကတော့ ဒီ သံတောင်ကြီးကနေ တောင်ငူကို ဆင်းတဲ့ အဆင်းလမ်း ဖြစ်ပါတယ်။ ညာဘက်မှာတော့ တောင်ငူကနေ သံတောင်ကြီးသွားတဲ့ အတက်လမ်းဖြစ်ပါတယ်။ ဒါတော့ ကျွန်တော်တို့ သံတောင်ကြီး မြို့အဝင်ဆိုင်းဘုတ် ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ယခင် ဆောက်လုပ်ခဲ့တဲ့ ဟိုတယ်ဇုန်ရှိ အဆောက်အအုံဟောင်းများဖြစ်ပါတယ်။ တင်ပြပါအတိုင်း ထိန်းသိမ်းမယ့်သူ မရှိတဲ့အတွက် ပျက်စီးနေတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ သံတောင်ကြီး နော်မူဖောတောင်ပေါ်ကနေ ကြည့်တဲ့ရှုခင်းများ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သတ်ဆိုင်ရာ ဝန်ကြီးဌာနကို မေးမြန်းလိုသည်မှာ ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့တွင် ဟိုတယ်ဇုန် သို့မဟုတ် အပန်းဖြေစခန်းများ ပြန်လည်ဖွင့်လှစ်သွားရန် အစီအစဉ် ရှိ/မရှိ ဆိုသည့် မေးခွန်းအား ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

သံတောင် တောင်စခန်းမြို့ ကြိုဆိုပါ၏ မြင်ကွင်းပုံ (၃)

ယခင် ဆောက်လုပ်ခဲ့တဲ့ ဟိုတယ်ဇုန်ရှိ အဆောက်အအုံဟောင်းများမြင်ကွင်းပုံ (၃-၁)

သံတောင်ကြီး နော်မူဖောတောင်ပေါ် ကနေ ကြည့်တဲ့ရှုခင်းများ မြင်ကွင်းပုံ (၃-၂)




**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၂။**

**ဒေါက်တာတင်ရွှေ (ဒုတိယဝန်ကြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တော်များ အပါအဝင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြီးပြည့်စုံပါစေကြောင်း ဦးစွာပဏာမ ဆုမွန်ဖြင့် ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ယခုလို ပြည်နယ်ဒေသ ဖွံ့ဖြိုးရေး၊ ဒေသအတွင်းမှာ နေထိုင်ကြတဲ့ တိုင်းရင်းသူ/ တိုင်းရင်းသားများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပြီးတော့ မွန်မြတ်တဲ့ စိတ်စေတနာဖြင့် သတ်သတ်မှတ်မှတ် တင်ပြထားတဲ့မေးခွန်းရှင်ကို အထူးပဲဂုဏ်ယူမိပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မှတ်တမ်းပြုအပ်ပါတယ်။

ကျွန်တော်တို့ သံတောင်ကြီးဒေသဟာ ကရင်ပြည်နယ်ထဲမှာ တည်ရှိပြီးတော့ ကျွန်တော်တို့ ပြီးခဲ့တဲ့အချိန်က အကြောင်းအရာလေးတွေကို ပြန်စဉ်းစားလိုက်မယ်ဆိုရင် သံတောင်ကြီးဒေသ ဖွံ့ဖြိုးရေးဟာ နိုင်ငံတော်အစိုးရ အဆက်ဆက်ကနေပြီး ဆောင်ရွက်လာခဲ့တယ်ဆိုတာ မှတ်တမ်းများအရ တွေ့ရှိရပါတယ်။ ဦးစွာတင်ပြရမယ်ဆိုရင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီလက်ထက်မှာကတည်းက ဥက္ကဋ္ဌကြီး ဦးနေဝင်း ကနေ သံတောင်ဒေသကြီး ဖွံ့ဖြိုးရေးအတွက် အထူးစီမံဆောင်ရွက်ထားတာတွေကို ကျွန်တော်တို့ ဆောင်းပါးများမှာ ဖတ်ရှုရတဲ့အတွက် သိရှိခဲ့ရပါတယ်။ တစ်ခါ ကျွန်တော်တို့ State Law and Order

Restoration Council လက်ထက်မှာလည်းပဲ ဗိုလ်ချုပ်မှူးကြီးရဲ့ လမ်းညွှန်ချက်အရ အတွင်းရေးမှူး(၁) အနေနဲ့ သံတောင်ဒေသကြီးရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ပြီးတော့ တည်ဆောက်ခဲ့တဲ့ ဟိုတယ်များ၊ နောက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနနဲ့ ဒီ Secretary (1) နဲ့ တွဲဖက်ပြီးတော့ ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးတွေကိုလည်း ဆောင်ရွက်လာခဲ့တာ အမှန်ပါပဲ။ ယခု ပြီးခဲ့တဲ့လမှာ ကျွန်တော်တို့ ဂျာမနီနိုင်ငံ အခြေစိုက်တဲ့ Hanns Seidel Foundation နဲ့ Peace Nexus Foundation တို့ (၂)ဖွဲ့ဟာ ပူးတွဲပြီးတော့ ကရင်ပြည်နယ်ရဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး Forum တစ်ခုကို ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ဇွဲကပင်ဟိုတယ်ကြီးမှာ ကျင်းပခဲ့ပါတယ်။

ဒီ ခန့်ညားထည်ဝါလှတဲ့ ဇွဲကပင်ဟိုတယ်ကြီးမှာ ဒီအဖွဲ့တွေနဲ့အတူ ဒေသဆိုင်ရာ ဝန်ကြီးချုပ်နဲ့ တကွ ကျွန်တော်တို့ ပြည်နယ်ဝန်ကြီးချုပ်ကြီးနဲ့တကွ ဝန်ကြီးများ၊ နောက် သက်ဆိုင်တဲ့ INGO မှ အဖွဲ့ အစည်းများနဲ့ အားလုံးတွေ့ဆုံပြီးတော့ ညှိနှိုင်းတဲ့ခါအခါမှာ ကျွန်တော်တို့ ဒေသအတွင်းမှာရှိတဲ့ ကရင် တိုင်းရင်းသားရေးရာကပဲ ကျွန်တော်တို့ကို မေးခွန်းတစ်ခု မေးခဲ့ပါတယ်။ သံတောင်ကြီးဒေသရဲ့ ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို မည်သို့ ဆောင်ရွက်ရန် အစီအစဉ်ရှိပါသလဲဆိုတာကို မေးမြန်းခဲ့တဲ့အတွက် ကျွန်တော်ကိုယ်တိုင်ပဲ ဖြေကြားခဲ့ပါတယ်။ ဒီ ဖြေကြားချက်ဟာ ကျွန်တော်တို့ မကြာမီကမှ လက်ခံရရှိထား တဲ့ World Heritage ဒီ ကမ္ဘာ့အမွေအနှစ် ရှေးဟောင်းပျူမြို့ရဲ့ အနေအထားအပေါ်မှာ ဆောင်ရွက်မယ့် အနေအထားကို မှီငြမ်းပြီးတော့ ကျွန်တော်တို့ တင်ပြခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒေသအတွင်းရဲ့ ဖွံ့ဖြိုးရေး ကို ကျွန်တော်တို့ ဝန်ကြီးဌာနနဲ့တကွ အခြားသော ဝန်ကြီးဌာနတွေဟာ အထူးပဲကြိုးစားပြီး ဆောင်ရွက် ပေးနေကြပါတယ်။

ဒါကြောင့်မို့လို့ ဒေသအတွင်းရဲ့ ဖွံ့ဖြိုးရေးရရှိအောင် ဒေသအတွင်းမှာ နေထိုင်ကြတဲ့ ပုဂ္ဂိုလ် များရဲ့ လူနေမှုဘဝအဆင့်အတန်း မြင့်မားစေရေးကို ဦးတည်ပြီးတော့ မိမိတို့ကိုယ်တိုင် မိမိတို့ ဆောင်ရွက် နိုင်တဲ့ အတိုင်းအတာအဆင့်နဲ့ ဆောင်ရွက်နိုင်ဖို့အတွက် အကြံပြုခဲ့ပါတယ်။ ဒီအကြံကတော့ ကျွန်တော်တို့ Bed and Breakfast လို့ခေါ်တဲ့ နံနက်စာ ကျွေးခြင်းနဲ့ ကုတင်တစ်လုံးဖြင့် ဧည့်ခံခြင်းဆိုတဲ့ တည်းခိုခြင်းဆိုတဲ့ မူကို ကျွန်တော်တို့ ချမှတ်ထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီဒေသအတွင်းမှာရှိတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်းကောင်း၊ မိမိတို့ရဲ့ လူနေမှုဘဝ အဆင့်အတန်း မြင့်မားလာစေရေးအတွက်လည်းကောင်း ရည်ရွယ်ပြီးတော့ ကျွန်တော်တို့ Bed and Breakfast နဲ့ တည်းခိုနိုင်တဲ့ သစ်သားအိမ် (Wooden House) နောက် ကျွန်တော်တို့ အဲဒီနေရာတွေမှာ Bamboo ဝါးတွေဟာ အလွန်ပေါပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ ဒီလိုနေရာတွေမှာရှိတဲ့ ဒေသတွင်း လူတွေဟာ ဖျာရက်ကြတာတို့၊ တောင်းတွေကို ပြုလုပ်ကြတာတို့ဟာ အလွန်ပဲ ခေတ်စားတဲ့ ဒေသတွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ Wooden House ပျဉ်ထောင်အိမ်ကလေးကို ဆောက်ပြီးတော့ အဲဒီ့အထဲမှာ မိမိတို့ တတ်နိုင်သလောက်အစွမ်းနဲ့ သုံးခန်းရှိရင် သုံးခန်း၊ လေးခန်းရှိရင် လေးခန်း၊ ငါးခန်းရှိရင် ငါးခန်း၊ အဲဒီလိုမျိုး တည်ဆောက်ပြီးတဲ့အခါမှာ ဒီ မည်သည့် ဧည့်သည်ပဲလာလာ တည်းခို နိုင်ခွင့်ရရှိအောင် သန့်ရှင်းတဲ့ အိမ်သာ တည်ဆောက်ခြင်း၊ နောက် ကျွန်တော်တို့ ရိုးရာ ရေချိုးတဲ့ နေရာ မှာလည်း သန့်ရှင်းစွာ ရေ ရရှိပြီးတော့၊ သန့်ရှင်းစွာ ရေချိုးနိုင်ခြင်းကို ပြုနိုင်တဲ့ တည်းခိုမှုပုံစံကို ကျွန်တော်တို့ ဆောင်ရွက်ဖို့အတွက် ဖြေကြားခဲ့ပါတယ်။

ဒီလို ဆောင်ရွက်ခြင်းအားဖြင့် မိမိတို့ရဲ့ ပိုင်တဲ့လယ်မြေတွေကိုလည်းပဲ ရောင်းချရခြင်း မပြု တော့ဘဲနဲ့ မိမိတို့ကိုယ်တိုင် တတ်စွမ်းသမျှ လုပ်ဆောင်ခြင်းအားဖြင့် နေ့စဉ်နဲ့အမျှ Income ရရှိနေမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်သူ့အခြေပြု ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းမူဝါဒဟာ ကျွန်တော်တို့ ၂၀၁၂ ခုနှစ်ကတည်းက ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှာ ချမှတ်ထား ပြီး ဖြစ်ပါတယ်။ ဒီ(၈)ချက်ကို လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများကို Knowledge Sharing လုပ်ချင်တဲ့အတွက် အနည်းငယ်တင်ပြခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။ အဲဒီတော့ ဒီ Community Based Involvement Tourism in Myanmar ဆိုတာဟာ (၈)ချက်ရှိပါတယ်။ ဒါ ကျွန်တော်တို့ သတ်မှတ် ထားတဲ့ ကမ္ဘာ့စံချိန်မီ သတ်မှတ်ထားတဲ့ (၈)ချက်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်တဲ့ အနေအထားရှိပါတယ်။

ဒါကြောင့် နံပါတ်(၁)ကတော့ Natural Resources ။ ဒီ ခရီးသည်ဟာ သွားရောက်ရမယ့် ဒေသမှာ သူ့အတွက် လိုအပ်တဲ့ သဘာဝထွက်ပစ္စည်းတွေ ရှိဖို့ဆိုတာ သံတောင်ကြီးမှာ ခုန မေးခွန်းရှင် တင်ပြ သွားတဲ့အတိုင်း အားလုံးပြည့်စုံပါတယ်။ နောက် (၂)အနေနဲ့ Culture ။ ဒီဒေသကို ခရီးသည် တွေက သွားတဲ့အခါမှာ ဒီဒေသထဲမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုရိုးရာကို၊ အနှစ်တွေကို သူတို့က ကြည့်ချင်၊ မြင်ချင်၊ လေ့လာချင်ကြတဲ့ သဘောရှိတဲ့အတွက် ဒီဒေသမှာ သူ့လူမျိုးနဲ့သူ၊ သူ့တိုင်းရင်းသားနဲ့သူ နေထိုင်တယ်ဆိုလို့ရှိရင် ဘာမှ လုပ်ကြံဖန်တီးရတဲ့အပိုင်း မပါတဲ့အတွက် ပိုပြီးတော့ သဘာဝကျတဲ့ အနှစ်ကို ရစေမှာဖြစ်ပါတယ်။

နောက်(၃)အနေနဲ့ကတော့ Health and Hygiene လို့ခေါ်တဲ့ ကျန်းမာရေး စောင့်ရှောက်မှုနဲ့ ကျန်းမာမှုကိုဖြစ်စေတဲ့ သန့်ရှင်းမှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှု ဖြစ်ပေါ်စေရေး ဒါလည်းပဲ မိမိတို့ဒေသတွေမှာ ဆိုလို့ရှိရင် တချို့နေရာတွေမှာ နေရာကျယ်ဝန်းတဲ့အတွက် အိမ်သာများ တည်ဆောက်ခြင်းဟာ ရေတွင်း၊ ရေကန်နဲ့ ဝေးဝေးလံလံ တည်ဆောက်ထားတဲ့အတွက် အထူးဆောင်ရွက်စရာ မလိုတော့ပါဘူး။ သို့သော် ကျွန်တော်တို့ သံတောင်ဒေသမှာတော့ဖြင့် ဒီ သံတောင်ဒေသဘက်ကလာတဲ့ ပုဂ္ဂိုလ်တွေရဲ့ ပြောချက်အရ ဆိုရင်တော့ ကျွန်တော် ဖြုတ်ကလေးတွေ အလွန်များတဲ့အတွက် ကျွန်တော်တို့ သိသလောက်ဆိုရင် ဒီ ဖြုတ် ကလေးတွေအတွက်ဆိုရင် မှိုင်းနဲ့တိုက်ပြီး ဖြေရှင်းတဲ့နည်းက သဘာဝနည်းပဲလို့ ကျွန်တော်တို့ တွက်ထားပါတယ်။ အဲဒါကြောင့်မို့လို့ Health and Hygiene ဟာ ကျွန်တော်တို့ သံတောင်ဒေသမှာ ဆိုရင် လုပ်မယ်ဆိုရင်လုပ်နိုင်တဲ့ အဆင့်ရှိ ပါတယ်။

နောက်တစ်ခုကတော့ (၄)ကတော့ Safety ဖြစ်ဖို့လိုပါတယ်။ အဲဒီတော့ ဧည့်သည်ကလည်း လာတဲ့အခါမှာ မိမိအတွက်လိုအင်ဆန္ဒပြည့်စုံမယ်။ နောက်ပြီးတော့ဆောင်ရွက်တဲ့ပုဂ္ဂိုလ်တွေကလည်းပဲ ထိခိုက်နစ်နာမှုမရှိဘူးဆိုရင် ဒါဟာ ကျွန်တော်တို့လုပ်ဆောင်နိုင်တဲ့အပိုင်းရှိပါတယ်။

နောက်တစ်ခုက တော့ People and Society ပါ။ ဒီဒေသမှာရှိနေကြတဲ့ ပြည်သူတွေ၊ ပြည်သူတွေနဲ့အတူ ဆက်နွယ်နေတဲ့ အသိုက်အဝန်းတွေ ဒါတွေကလည်းပဲ ပြည်ပနိုင်ငံခြားက ဧည့်သည်တွေပဲဖြစ်ဖြစ်၊ ဟုတ်လား ပြည်တွင်းက ဧည့်သည်ပဲဖြစ်ဖြစ် လာတဲ့အခါမှာ ကြည်ကြည်ဖြူဖြူနဲ့ လက်ခံနိုင်တဲ့ အနေအထားမျိုးကို ရှိဖို့၊ ကျွန်တော်တို့ ရရှိဖို့လိုပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ Income and Benefit Tourism လို့ ခေါ်ပါတယ်။ ဒီလိုဒေသဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းကို ဆောင်ရွက်လိုက်တဲ့အတွက် ဒီဒေသတွင်းမှာရှိနေတဲ့ မူရင်းဒေသ လုပ်ငန်းရှင်တွေ၊ ဒေသတွင်းပုဂ္ဂိုလ်တွေဟာ ဝင်ငွေတိုးပွား လာပါတယ်။ ဝင်ငွေတိုးပွားလာတာနဲ့အမျှ ခရီးသည်တွေကလည်း သူတို့အတွက်၊ ဒီဒေသကိုသွားတဲ့အတွက် အကျိုးရှိစေမှာ ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ Income and Tourism Benefit ရဖို့ကို ဒါ (၆)အနေနဲ့ ကျွန်တော်တို့တွေ့ရမှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ (၇) က Product Service and Quality လို့ခေါ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဒီဒေသတွင်းက ထုတ်လုပ်လိုက်တဲ့ အခုနက အဆိုရှင်လည်း တင်ပြသွားပါတယ်။ ဒေသတွင်းက ထုတ်လုပ်လိုက်တဲ့ ဝါးနဲ့ ပြုလုပ်ထားတဲ့ပစ္စည်းတွေကို ရောင်းရမယ်၊ ပြုရမယ်ဆိုလို့ရှိရင် ဒီ ရောင်းရခြင်း၊ ပြုရခြင်းဟာ ဒါ မိမိတို့ဒေသတွင်းအတွက် ပိုပြီးတော့ ဝင်ငွေ တိုးပွားစေပါတယ်။

နောက် ဒီကိစ္စနဲ့ပတ်သက်လို့လည်းပဲ Asia Development Bank ကနေပြီးတော့ ကျွန်တော်တို့ မြန်မာနိုင်ငံကို ၂၀၁၃ ထဲမှာ ကူညီမယ်ဆိုတဲ့အစီအစဉ်အရ မဲခေါင်အရှေ့နဲ့ အနောက် ဆက်သွယ်ရေးလမ်းကြောင်းမှာ ဒီလို ကျွန်တော်တို့ ကရင်ပြည်နယ်နဲ့မွန်ပြည်နယ် ဆက်စပ်မှုနေရာက ထွက်တဲ့ ပစ္စည်းတွေကို၊ Product ကို Promotion လုပ်ဖို့အတွက် ဒါ ကျွန်တော်တို့ ကမ်းလှမ်း ထားတာလည်း ရှိပါတယ်။

ဒါကြောင့်မို့ကျွန်တော်တို့က Product and Service Quality ဟာ တကယ်ကို နောက်ပိုင်းမှာ အကျိုးရှိလာမှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ Marketing ပါ။ အခုလို လွှတ်တော် ကိုယ်စားလှယ်ကြီးကနေပြီးတော့ လမ်းညွှန်ပြီးပြောလိုက်တဲ့အတွက် ဒါဈေးကွက်အဖြစ် ဖော်ဆောင်နိုင်တဲ့ အပိုင်းကို ကျွန်တော်တို့ အောင်အောင်မြင်မြင် ရောက်သွားနိုင်ပါတယ်။ ရောက်လို့ ကျွန်တော်တို့ တကယ် လုပ်မယ်ဆိုရင်တော့ ကျွန်တော်တို့ Community Based Involvement Tourism in Myanmar ဟာ ကျွန်တော်တို့မှာ လက်ကိုင်လည်း ပြုထားပြီဖြစ်တဲ့အတွက် လုပ်မယ်ဆိုရင် လုပ်လို့ရပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ဒေသတွင်းကနေ ဒီ Forum မှာ မေးတဲ့အတွက် Bed and Breakfast ဒီလိုဟာမျိုးလေး တွေကို တည်ဆောက်ပေးမယ်ဆိုလို့ရှိရင် နောက် ကျွန်တော်တို့ နေရာထိုင်ခင်းလည်း Conjunct ပေါ့။ တင်းကြပ်မှုမရှိဘဲနဲ့ အောင်အောင်မြင်မြင် နဲ့လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ကတော့ ဖြေကြားပါတယ်။ အရင်ဆုံး မိမိတို့ကရင်ပြည်နယ်မှာ ရှိတဲ့အတွက် ကရင်ပြည်နယ်ဒေသရဲ့ အစိုးရအဖွဲ့ကို တင်ပြပါ။ မိမိတို့(၅)ခန်းပါတဲ့ အဆောက်အအုံ (၁)လုံးပဲဆောက်ဆောက်၊ (၂)လုံးပဲဆောက်ဆောက် နောက် ရေအိမ်သာတို့၊ နောက် ရေချိုးခန်းတို့ ရေများသန့်ရှင်းမှုရရှိစေဖို့ကို ဒါမျိုးတွေပြည့်စုံစွာနဲ့ဒေသကြီးအစိုးရအဖွဲ့ကို တင်ပြပြီးတော့ ဒေသကြီး အစိုးရအဖွဲ့ရဲ့ ထောက်ခံချက်နဲ့ ကျွန်တော်တို့ဆီ တင်ပြမယ်ဆိုရင် ကျွန်တော်တို့က ဒါ ဖွင့်လှစ်ခွင့်ပေး ပါမယ်။ နောက် ကြီးကြီးမားမားအနေနဲ့ကတော့ ကျွန်တော်တို့က ၂၀၁၃၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှာ ပြည်ထဲရေးဝန်ကြီးဌာနကနေ သံတောင်ကြီးမြို့နယ်ကို လွတ်လပ်စွာ ခွင့်ပြုလိုက်တယ်။ သို့သော် မြို့ပြင် သွားဖို့အတွက်ကိုတော့ ကြိုတင်ခွင့်ပြုမိန့် တောင်းရမယ်လို့ သတ်မှတ်ထားပါတယ်။ ကရင်ပြည်နယ် ဝန်ကြီးချုပ်ကြီးကလည်း ဤကဲ့သို့အစီအစဉ်များကို အလွန်ပဲသဘောကျတဲ့အတွက် ဒီအစီအစဉ်ကို ဖြစ်မြောက်အောင် ဆောင်ရွက်မယ်လို့ ဆိုထားပါတယ်။

အခုန လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့အထဲမှာလည်း ဖော်ထုတ်ထားပါတယ်။ အလွန်သာယာအေးချမ်းပြီးတော့ (65) ဒီဂရီဖာရင်ဟိုက်လောက် ရှိပါတယ်။ မိုးရေချိန်ကတော့ အလွန်များပါတယ်။ အခုနက တင်ပြသွားတာ (185) လောက်ပဲ၊ ကျွန်တော် ဖတ်လိုက်ရတာကတော့ (225) Inches လောက်အထိရှိတယ်လို့ သတ်မှတ်ထားပါတယ်။ ဒါကြောင့်မို့လို့ မိုးရာသီမှာတော့ ကျွန်တော်တို့ ဇွန်လကနေ နိုဝင်ဘာလကိုတော့ Rest ယူ၊ ကျန်တဲ့အချိန်ကိုတော့ ဒေသတွင်းဆိုင်ရာ လုပ်ငန်းရှင်များကို ဖွံ့ဖွံ့ဖြိုးဖြိုးဖြစ်အောင် ဤအစီအစဉ်မျိုးနဲ့ လုပ်ရင်တော့ ကျွန်တော်တို့က ပိုပြီးတော့ အောင်မြင်နိုင်လိမ့်မယ်လို့ ယူဆပါတယ်။ ဒါအပန်းဖြေစခန်းပဲ ဖွင့်ဖွင့်၊ မိမိတို့ Bed and Breakfast ကိုပဲဆောင်ရွက်၊ ဆောင်ရွက် ဒီဒေသတွင်းမှာရှိတဲ့ပြည်သူတွေသာလျှင် ဒီ Income ကိုလက်ခံပြီးတော့ နောက်ထုတ်လုပ်တဲ့ Product and Quality Service ကို မြှင့်တင်လိုက်မယ်ဆိုရင် အလိုလိုအားဖြင့် ဒေသရဲ့ ဒီကနေ့ ကျွန်တော်တို့ပြောနေတဲ့ Social Business Life Style ဟာ မြင့်တက်သွားမှာ ဖြစ်ပါတယ်။

အဲဒီတော့ နိုင်ငံတော်သမ္မတကြီးကလည်း မျှော်မှန်းထားတဲ့ဦးစားပေး(၇)ချက်ကို ရပ်တည်ထားပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးဌာနကိုလည်း Delivery Unit တွေကို ညွှန်ကြားထားပါတယ်။ အဲဒီတော့ ဒါတွေကလည်း (၇)ချက်ထဲမှာ ကျွန်တော်တို့က (၁) အနေနဲ့ဆိုရင် ဒါ Electric Supply ပါ။ အားလုံးကျေးရွာပေါင်း(၆)သောင်းရှိရာမှာ အားလုံး တို့ရဲ့သက်တမ်းအတွင်းမှာ ရအောင်ကြိုးစားမယ်ဆိုတဲ့ အနေအထားမျိုး။ နောက်တစ်ခါ (၂)ကတော့ Water Purification ရေသန့်စင်မှုရအောင် ဆောင်ရွက်ပေးမယ်ဆိုတဲ့ အတိုင်းအတာ။ နောက်တစ်ခါ လက်မှုလယ်ယာကနေပြီးတော့ စက်မှုလယ်ယာ ထွန်းတောက်ခြင်းဟာဖြင့် ကျွန်တော်တို့ရဲ့ Economic Vulnerbility Index ဟာ မြင့်တက်လာမယ် ဆိုတဲ့အကြောင်း၊ နောက်တစ်ခါ ကျွန်တော်တို့ Employment လူတိုင်း၊ လူတိုင်း၊ လူလတ်ပိုင်းတွေဟာ အလုပ်အကိုင် ရရှိရေးအတွက်ကို ဦးတည်ရမယ်ဆိုတဲ့အကြောင်း၊ ဒီအလုပ်အကိုင်ရရှိရေးအတွက်ကိုလည်းပဲ အခုလာမယ့် နိုဝင်ဘာလ(၃)ရက်နေ့မှာ ကျွန်တော်တို့ဝန်ကြီးဌာနကနေပြီးတော့ Regional Tour Guide ဒေသဆိုင်ရာဧည့်လမ်းညွှန်သင်တန်းတစ်ခုကို ဘားအံမြို့မှာ ကျွန်တော်မြို့မှာ သွားရောက်ပြီးတော့ ဖွင့်လှစ်ပေးမှာ ဖြစ်ပါတယ်။

ဒီလိုဖွင့်လှစ်လိုက်တဲ့အတွက် (၁၀)တန်းလောက်အောင်မြင်ထားတဲ့ ကျောင်းသူ/ကျောင်းသားတွေက တက်ရောက်နိုင်ပါတယ်။ တချို့ ဘွဲ့ရထားတဲ့လူလည်း တက်ရောက်နိုင်ပါတယ်။ အထူးသဖြင့်ကတော့ အင်္ဂလိပ်စာအခြေခံကောင်းတဲ့သူတွေ တက်ရောက်ခြင်းအားဖြင့် ဒီကရင်ပြည်နယ်ရဲ့ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်မှုကို ဒါ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အလုပ်အကိုင် ဖွံ့ဖြိုးရေးကိုလည်း ကျွန်တော်တို့ ဦးတည်ပြီးတော့ ဆောင်ရွက်ထားတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်အရ ဒီဒေသဆိုင်ရာ ဧည့်လမ်းညွှန်များရဲ့ ထွန်းတောက်လာမှုအပေါ်မှာ သံတောင်ကြီးဒေသဟာ မလွဲမသွေ ယခုဆိုရင် ငြိမ်းချမ်းရေးလည်း ရနေပါပြီ။ ဒီအစည်းအဝေးမှာလည်း ကျွန်တော်တို့ Peace Center က ဦးအောင်နိုင်ဦး၊ နောက်တစ်ခါ ဦးစောသာဒိုမူ တို့ လာရောက်ပြီးတော့ တက်ပြီးဆွေးနွေးကြပါတယ်။ ကရင်ပြည်နယ်ရဲ့ အဖွဲ့အစည်းတွေလည်း။

ကရင်ပြည်နယ်ရဲ့ အေးချမ်းသာယာမှုအပေါ်မှာ မူတည်ပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ Regional Tour Guide မှာလည်း အခုဆိုရင် ကရင်ပြည်နယ်ဝန်ကြီးချုပ်ကြီးက မေတ္တာရပ်ခံ တင်ပြတဲ့အတွက် ကရင်ပြည်နယ် တစ်ခုတည်းသာ ဒေသဆိုင်ရာ

ဧည့်လမ်းညွှန်မှု၊ ဆောင်ရွက်မှုအပြင်ကို မွန်ပြည်နယ်က အောင်မြင်ထားတဲ့ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်တွေကလည်း ကရင်ပြည်နယ်အတွက် ဆောင်ရွက်နိုင်တယ်။ ကရင်ပြည်နယ်ကလည်း မွန်ပြည်နယ်အတွက် ဆောင်ရွက် နိုင်တယ်ဆိုတဲ့ လမ်းကြောင်းဖွင့်ပေးလိုက်တဲ့ ကူးလူးဆက်ဆံမှုကို ဆောင်ရွက်တဲ့အတွက် Regional Tour Guide ရဲ့ ဆောင်ရွက်မှုအတိုင်းအတာဟာ နယ်မြေကျယ်ပြန့်လာတဲ့အတွက် ပိုပြီးတော့ အလုပ်အကိုင် ဖွံ့ဖြိုးစေတာကို ကျွန်တော်တို့ မုဒိတာပွားရမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းရေးဟာ ကျွန်တော်တို့မှာလည်း Responsible Tourism ဆိုတာလည်း ရှိပါတယ်။ Community Based Tourism ဆိုတာလည်း ရှိပါတယ်။ ၂၀၁၃ ထဲမှာတော့ ကျွန်တော်တို့ World Economic Fourm တစ်ခုကို ဒါ နေပြည်တော်မှာ ခန့်ခန့်ညားညား ကျင်းပခဲ့ပါတယ်။ ဒီ Fourm မှာ ကျွန်တော်တို့ရဲ့ Myanmar Tourism Master Plan ဆိုတာကိုလည်းပဲ ကျွန်တော်တို့က ကမ္ဘာသိအောင်ကို ကြေညာခဲ့ပါတယ်။ အဲဒီတော့ ကမ္ဘာသိအောင် ဒီ Myanmar Tourism Master Plan ကို ကြေညာထားတဲ့အတွက် ကျွန်တော်တို့ အဲဒီထဲမှာပါတဲ့ Strengthening of The Institutional Environment ဒါလည်း ကျွန်တော်တို့က အဖွဲ့အစည်းတွေနဲ့ ဆောင်ရွက်ပြီး မြန်မာ့ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်ကြီးကို မားမားမတ်မတ် ပေါ်ထွန်းပြီး အဲဒီအောက်မှာ (၁၁)ဖွဲ့ ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်နေကြပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ Strengthening of The Human Resources Development လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးဟာလည်း ကျွန်တော်တို့ သက်ဆိုင်တဲ့ ပြည်နယ်တွေမှာ ဒါပြီးခဲ့တဲ့ဩဂုတ်လ၊ မေလလောက်မှာ ဆိုရင် ကန်ပက်လက်မှာ တင်ပြနေတဲ့ ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်းပဲ Regional Tour Guide ကို ကျွန်တော်တို့ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနက မေတ္တာကို ဗဟိုပြုပြီးတော့ သင်တန်းတစ်ခု သွားရောက်ပေးခဲ့တဲ့အတွက်၊ သင်တန်းသူ/သင်တန်းသား(၇၀)လောက် တက်ရောက် ခဲ့တဲ့အတွက် ချင်းပြည်နယ်ရဲ့ နတ်မတောင် စီမံကိန်းဖွံ့ဖြိုးရေးအတွက်ဟာ အောင်မြင်မှုရရှိသွားနိုင်မှာ ဖြစ်ပါတယ်။

ဒါတွေဟာလည်း ကျွန်တော်တို့ရဲ့ ပြည်ထောင်စုဝန်ကြီးရဲ့ စွမ်းဆောင်မှုနဲ့ စီမံပေးမှုကို ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဒီလို Regional Tour Guide တွေကို ဖွင့်လှစ်ပေးတဲ့အတွက် မိမိတို့သွားရမယ့် Destination အောင်မြင်မှုရဖို့ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က Strengthening of the Destination Planning and Management ဆိုတာလည်း ကျွန်တော်တို့က သတ်မှတ်ထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဟာတော့ လောင်စာမလို၊ မီးခိုးမထွက်တဲ့ ကျွန်တော်တို့ရဲ့ လုပ်ငန်းကြီးဟာ တိုင်းနိုင်ငံတော် အေးချမ်းသာယာတာနဲ့အမျှ နော် နိုင်ငံသူ/နိုင်ငံသားတွေရဲ့ ညီညွတ်မှုအပေါ်မှာ မူတည်ပြီး ကျွန်တော်တို့ရဲ့ ခရီးသွားလုပ်ငန်းကြီးဟာ မလွဲမသွေဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

ဒါကြောင့် ၁၉၉၆ က ကျွန်တော်တို့ Visit Myanmar Year ဆိုပြီးတော့ လုပ်ခဲ့ပါတယ်။ တစ်နေ့ကလည်း ပြည်သူ့လွှတ်တော်မှာ မြန်မာနိုင်ငံရဲ့ Visit Year ကိုလုပ်ဖို့ အစီအစဉ်ရှိသလားဆိုတဲ့ မေးခွန်းကို မေးခဲ့တဲ့အတွက် ကျွန်တော်တို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်သမ္မတကြီး၊ ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်ကြီးရဲ့နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ရည်မွန်သော၊ မြင့်မြတ်သော အကြံအစည်တို့ဖြင့် ဆောင်ရွက်ပေးနေမှုကြောင့် မလွဲမသွေ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့

ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဟာ အောင်မြင်စွာနဲ့ ကျွန်တော်တို့ တစ်နေ့မှာတော့ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်း နှစ်ရယ်လို့ ပြန်လည်ကျင်းပနိုင်မှာဖြစ်ကြောင်း မေးခွန်းရှင် ကျေနပ်အောင်ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်-မိုင်းယောင်း ကားလမ်းအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်ကျော် က ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်-မိုင်းယောင်း ကားလမ်းအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဗိုလ်မှူးချုပ်အောင်ကျော် (တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၁၉၇၁၇ ဗိုလ်မှူးချုပ်အောင်ကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်-မိုင်းယောင်း ကားလမ်းအား အဆင့် မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုခြင်းမေးခွန်းနဲ့ စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မှာရှိတဲ့ မိုင်းယောင်းမြို့နယ်ဟာ မိုင်းပျင်း-ကျိုင်းတုံ-မိုင်းဖြတ်- တာချီလိတ်မြို့တွေကို ဆက်သွယ် ဖောက်လုပ်ထားတဲ့ ပြည်ထောင်စုကားလမ်းမကြီးရဲ့ မြောက်ဘက်မှာ တည်ရှိပါတယ်။ မိုင်းယောင်းမြို့နယ်မှ ထွက်ရှိတဲ့ကုန်ပစ္စည်းတွေကို နယ်စပ်ကုန်သွယ်မြို့ဖြစ်တဲ့ တာချီလိတ်မြို့ကို တင်ပို့ရာမှာ ဖြစ်စေ၊ တစ်ဖက်နိုင်ငံမှ ကုန်ပစ္စည်းတွေကို ဝယ်ယူတင်သွင်းရာတွင်ဖြစ်စေ၊ မိုင်းယောင်း-မိုင်းဖြတ်-တာချီလိတ် ကားလမ်းအတိုင်း သယ်ယူပို့ဆောင် ရောင်းဝယ်မှုပြုလုပ်ရပါတယ်။ မိုင်းဖြတ်-တာချီလိတ် ကားလမ်း (၅၁)မိုင်ကို သော်တာဝင်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး နိုင်လွန်ကတ္တရာလမ်းဖြစ်လို့ ယာဉ်မောင်းချိန် (၁)နာရီ (၂၀)မိနစ်ခန့်သာ ကြာမြင့်ပါတယ်။ မိုင်းယောင်း-မိုင်းဖြတ်ကားလမ်း မှာ ကတ္တရာလမ်း(၄)မိုင် (၅)ဖာလုံ၊ ကျောက်လမ်း(၂၉)မိုင် (၆)ဖာလုံ နှင့် အမာခံလမ်း (၁၀)မိုင် (၇)ဖာလုံ၊ စုစုပေါင်း (၄၅)မိုင်(၂)ဖာလုံရှိပြီး ယာဉ်မောင်းချိန် (၃)နာရီကျော် ကြာမြင့်ပါတယ်။

မိုင်းယောင်းမြို့နယ်ရဲ့ မြောက်ဘက်မှာရှိတဲ့ မိုင်းယုမြို့နယ်(ခွဲ)ဟာလည်း မိုင်းယောင်း-မိုင်းဖြတ်-တာချီလိတ် ကားလမ်းကိုအသုံးပြုပြီးတော့ နယ်စပ်ကုန်သွယ်မြို့ တာချီလိတ်သို့ ပို့ဆောင်ရောင်းဝယ်ကုန်သွယ်မှု ပြုလုပ်ရပါတယ်။ မိုင်းယောင်း-မိုင်းဖြတ်ကားလမ်းကို အဆင့်မြှင့်တင်ပေးမယ်ဆိုလို့ရှိရင် မိုင်းဖြတ်မြို့နယ် မြောက်ဘက်ပိုင်း ကျေးရွာတွေမှာနေထိုင်တဲ့ ဒေသခံပြည်သူတွေ၊ မိုင်းယောင်းမြို့နယ်အတွင်းမှာရှိတဲ့ ရပ်ကွက်(၉)ခု၊ ကျေးရွာအုပ်စု(၉)အုပ်စု၊ ကျေးရွာပေါင်း(၉၂)ရွာက လူဦးရေ(၁၁၈၀၀)ကျော်၊ မိုင်းယုမြို့နယ်မှာရှိတဲ့ ရပ်ကွက်(၁)ခု၊ ကျေးရွာအုပ်စု(၃)အုပ်စု၊ ကျေးရွာပေါင်း(၃၂)ရွာက လူဦးရေ(၃၂၀၀)ကျော်တို့ရဲ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဘဝအခြေအနေများ ပိုမိုတိုးတက်ကောင်းမွန်လာမှာ ဖြစ်ပါတယ်။ မိုင်းဖြတ်-မိုင်းယောင်း ကားလမ်းကိုအဆင့်မြှင့်တင်ပေးခြင်းအားဖြင့် မိုင်းယောင်းမြို့နယ်နှင့် မိုင်းယုမြို့နယ်(ခွဲ)အတွင်းမှာရှိတဲ့ မြေလွတ်၊ မြေရိုင်းတွေမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေ ပိုမိုတိုးချဲ့ပြုလုပ်လာနိုင်တဲ့အတွက် ဒေသခံပြည်သူများအလုပ်အကိုင်ရရှိရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို တိုးချဲ့တည်ဆောက်လာနိုင်မည် ဖြစ်ပါတယ်။

မိုင်းဖြတ်မြို့နယ်မြောက်ပိုင်းမှာရှိတဲ့ ကျေးရွာများမှာ နေထိုင်တဲ့ ဒေသခံပြည်သူတွေ၊ မိုင်းယောင်းမြို့နယ်နှင့် မိုင်းယုမြို့နယ်(ခွဲ)တို့မှ ဒေသခံပြည်သူတွေရဲ့ လူမှုစီးပွားဘဝတိုးတက်ရေးအထောက်အကူပြုနေတဲ့ မိုင်းယောင်း-မိုင်းဖြတ် ကားလမ်းကို အဆင့်မြှင့်တင်ပေးဖို့ အစီအစဉ် ရှိ/မရှိ နှင့် အစီအစဉ်ရှိမယ်ဆိုရင် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုသည့်အတွက် ဥက္ကဋ္ဌကြီး မှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အထပ်မြင့်ကန်ထရိုက်တိုက်များ ဆောက်ရာတွင် ဒီဇိုင်း (Design) အပိုင်း၊ အရည်အသွေးနှင့်စံချိန်စံညွှန်းစစ်ဆေးမှုအပိုင်း (Specification and Quality Control) နှင့် သက်ဆိုင်ရာ ဆောက်လုပ်ရေး အဆင့်များ (Construction Sequences) အလိုက် စနစ်တကျ ဆောင်ရွက်နိုင်မှုအား စစ်ဆေးသွားရန် အစီအစဉ် ရှိ/မရှိ နှင့် အရည်အသွေးပြည့်ဝ၍ လုံခြုံစိတ်ချရသော အဆောက်အအုံများ ဆောက်လုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံရှိ အင်ဂျင်နီယာပိုင်းဆိုင်ရာ အသင်းအဖွဲ့များဖြင့် ရေရှည်ပူးပေါင်း ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးရဲမင်းထွေး က အထပ်မြင့် ကန်ထရိုက်တိုက်များ ဆောက်ရာတွင် ဒီဇိုင်း (Design) အပိုင်း၊ အရည်အသွေးနှင့် စံချိန်စံညွှန်း စစ်ဆေးမှုအပိုင်း (Specification and Quality Control) နှင့် သက်ဆိုင်ရာ ဆောက်လုပ်ရေးအဆင့်များ (Construction Sequences) အလိုက် စနစ်တကျ ဆောင်ရွက်နိုင်မှုအား စစ်ဆေးသွားရန် အစီအစဉ် ရှိ/မရှိ နှင့် အရည်အသွေးပြည့်ဝ၍ လုံခြုံစိတ်ချရသော အဆောက်အအုံများ ဆောက်လုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံရှိ အင်ဂျင်နီယာပိုင်းဆိုင်ရာ အသင်းအဖွဲ့များဖြင့် ရေရှည်ပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဗိုလ်မှူးရဲမင်းထွေး (တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု

အဆင့်ဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်ပညာရှင်ကြီးများအားလုံးအား လေးစားစွာဖြင့် ဂါရဝပြု နှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၃၃၅၁၀ ဗိုလ်မှူးရဲမင်းထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မေးမြန်းသွားမယ့် မေးခွန်း(၂)ခုရှိပါတယ်။ အင်္ဂလိပ်စာ အသုံး အနှုန်းများ အနည်းငယ်ပါရှိပါသဖြင့် ခွင့်ပြုနိုင်ပါရန် ဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့် တင်ပြပန်ကြားအပ် ပါတယ်။

ကျွန်တော့်အနေနဲ့ မေးမြန်းသွားမယ့် မေးခွန်းနှစ်ခုကတော့ (က) အထပ်မြင့် ကန်ထရိုက်တိုက်များ ဆောက်ရာတွင် ဒီဇိုင်း(Design)အပိုင်း၊ အရည်အသွေးနှင့် စံချိန်စံညွှန်းစစ်ဆေးမှုအပိုင်း (Specification and Quality Control)၊ ဘေးအန္တရာယ်ကင်းရှင်းရေး (Safety) အပိုင်းနှင့် သက်ဆိုင်ရာ ဆောက်လုပ် ရေးအဆင့်များ (Construction Sequences) များအလိုက် စနစ်တကျ ဆောင်ရွက်နိုင်မှုအား မြေပြင် စစ်ဆေးသွားရန် အစီအစဉ်ရှိ/မရှိ။ (ခ) အရည်အသွေးပြည့်ဝ၍ ဘေးကင်းလုံခြုံစိတ်ချရသော အဆောက် အအုံများ ဆောက်လုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံရှိ အင်ဂျင်နီယာပိုင်းဆိုင်ရာ အသင်းအဖွဲ့များဖြင့် ရေရှည်ပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ မေးခွန်းများပဲ ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့မေးခွန်းများနဲ့ ပတ်သက်ပြီးတော့ တင်ပြရမယ်ဆိုရင် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့ ညနေပိုင်းမှာ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်ကို ဗဟိုပြုပြီးတော့ အင်အားရစ်ချ်တာစကေး (၄) အဆင့် ရှိတဲ့ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ပြီးတော့ ယင်းငလျင်ဒဏ်ကြောင့် သဃ်န်းကျွန်းမြို့နယ် စံပြ(၅)လမ်း မှာရှိတဲ့ သက်တမ်းနုတိုက်နှစ်လုံးမှာ တိမ်းစောင်းသွားခဲ့ရပါတယ်။ ဒီဖြစ်ရပ်က လူဦးရေ(၈)သန်းကျော် အမှီပြုနေထိုင်တဲ့ စီးပွားရေးမြို့တော် ရန်ကုန်မှာရှိတဲ့ အထပ်မြင့်ကန်ထရိုက်တိုက်များမှာ နေထိုင်တဲ့ ပြည်သူလူထုကို စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်စေခဲ့ပါတယ်။ ဒါ့အပြင် မြို့နေလူဦးရေ များပြားလာပြီးတော့ ဈေးကွက်လိုအပ်ချက်အရ အများအပြား တည်ဆောက်နေရတဲ့ အထပ်မြင့် ကန်ထရိုက်တိုက်များ ဆောက်လုပ်ရေးမှာ ဆောက်လုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ ရှိနေသေးကြောင်း မီးမောင်းထိုး ဖော်ပြ လိုက်ခြင်း ဖြစ်ပါတယ်။

အမြတ်အစွန်းကိုသာကြည့်ပြီးတော့ လုံခြုံစိတ်ချမှုနည်းသော အဆောက်အအုံများ၊ ဆောက်လုပ်ရေး အဆင့်အလိုက် စနစ်တကျ တည်ဆောက်ထားခြင်းမရှိသော အဆောက်အအုံများဟာ ဆောက်လုပ်ဆဲ အချိန်တွင် သာမက ဆောက်လုပ်ပြီးစီးပြီး နေထိုင်သည့် အချိန်တစ်လျှောက်လုံးနှင့် အထူးသဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်တဲ့အချိန်များမှာ နေထိုင်သူနဲ့ ပတ်ဝန်းကျင်ရှိသူများ ကိုပါ အချိန်မရွေး ဘေးအန္တရာယ်များ ဖြစ်ပေါ်စေနိုင်သလို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများကိုလည်း မလွဲမသွေ ဖြစ်ပေါ်စေနိုင်ပါတယ်။

ဥပမာအနေနဲ့ တင်ပြရမယ်ဆိုလို့ရှိရင် Geotechnicial Engineering and Foundation အပိုင်းမှာ စနစ်တကျ မဆောင်ရွက်ခဲ့ဘူးဆိုရင် အဆောက်အအုံတစ်ခုလုံး Failure ဖြစ်နိုင်တဲ့ အန္တရာယ် ဖြစ်နိုင်သလို Electrical and Electrical Installiation အပိုင်းမှာ စနစ်မကျလို့ရှိရင် လျှပ်စစ်အန္တရာယ်နဲ့ မီးဘေးအန္တရာယ်တွေ ဖြစ်ပွားစေနိုင်ပါတယ်။ ရေပေးဝေမှုအပိုင်းမှာ ရေရှည်စနစ်ကျတဲ့ အစီအမံ မရှိခဲ့ လို့ရှိရင် Underground Water Table နိမ့်ကျပျက်စီးခြင်းများ ဖြစ်ပေါ်ပြီးတော့ မြေကြီးကျွံကျခြင်းနှင့် အဆောက်အအုံများ Failure ဖြစ်စေမှာ ဖြစ်ပါတယ်။ အခု ကျွန်တော်တို့ မြို့ပေါ်မှာ ဖြစ်ပွားနေရတဲ့

ရေကြီးရေလျှံခြင်းများဟာလည်း စီမံကိန်းများ ဆောင်ရွက်စဥ်က Sanitation စနစ်အပိုင်းမှာ လိုအပ်ချက်ရဲ့ ဆိုးကျိုးတစ်ခုဖြစ်ပြီးတော့ တင်ပြပါဖြစ်စဥ်တွေ ဖြစ်ပွားခဲ့ရတဲ့သာဓကတွေကလည်း ကျွန်တော်တို့ ပြည်တွင်း၊ ပြည်ပမှာ အများအပြားရှိခဲ့ပါတယ်။

ဒါကို ကြည့်ခြင်းအားဖြင့် အင်ဂျင်နီယာပညာရှင်များနှင့် စနစ်တကျ တည်ဆောက် ခြင်းမရှိသော၊ လုံခြုံစိတ်ချမှုနည်းသော အဆောက်အအုံများ များပြားလာခဲ့လို့ရှိရင် ရေရှည်မှာ ကျွန်တော်တို့ မမျှော်မှန်းနိုင်တဲ့ ဆိုးကျိုးတွေ၊ အန္တရာယ်တွေ၊ ဖြေရှင်းရခက်ခဲတဲ့ ပြဿနာတွေ ဖြစ်ပေါ်လာနိုင်တဲ့အချက်ကို အထင်အရှား မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒ့ါအပြင် ဒီဖြစ်စဥ်တွေဟာ လက်ရှိ ကျင့်သုံးနေတဲ့ ဒီမိုကရေစီစနစ်နဲ့ ဈေးကွက်စီးပွားရေးစနစ် အနေအထားအရ ပြည်တွင်း၊ ပြည်ပမှာ အလုပ် လုပ်ကိုင်နေတဲ့ မြန်မာအင်ဂျင်နီယာပညာရှင်များရဲ့ ပုံရိပ်နဲ့ အလားအလာကောင်းများကိုလည်း များစွာထိခိုက်နစ်နာစေမှာဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် နောင်အနာဂတ်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီးတော့ လူဦးရေ တိုးပွားလာတာနဲ့အမျှ ဆောက်လုပ်ရေးလုပ်ငန်းတွေလည်း ပိုမိုအားကောင်းလာမှာ ဖြစ်တဲ့အတွက် စံချိန်စံညွှန်းပြည့်မီပြီးတော့ သဘာဝဘေးဒဏ် ခံနိုင်တဲ့ အဆင့်မြင့်အဆောက်အအုံများ ပေါ်ထွက်လာရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများသာမက အင်ဂျင်နီယာပိုင်းဆိုင်ရာ အဖွဲ့အစည်းများနဲ့ အင်ဂျင်နီယာပညာရှင်များပါ တာဝန်ရှိနေပြီး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ်ကြောင်း တွေ့ရှိရပါတယ်။

ကျွန်တော်တို့ လက်ရှိ ရန်ကုန်၊ မန္တလေး စတဲ့မြို့ကြီးတွေမှာ နှစ်စဥ်နှစ်တိုင်း မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ ခွင့်ပြုဆောင်ရွက်ချက်နဲ့ တည်ဆောက်တဲ့ အဆောက်အအုံများ ရှိသကဲ့သို့ တရားမဝင်ဆောက်လုပ်လျက်ရှိတဲ့ အဆောက်အအုံများ အများအပြား ရှိနေပါတယ်။ ကျွန်တော်တို့ ဒီအုပ်ချုပ်မှုပိုင်းဆိုင်ရာအရ ခွင့်ပြုချက်မရရှိဘဲနဲ့ ဆောက်လုပ်လျက်ရှိတဲ့ အဆောက်အအုံများကို သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းအနေနဲ့လည်း အမြန်စိစစ်ဖော်ထုတ်ဖို့ လိုအပ်တဲ့အပြင် အင်ဂျင်နီယာပညာရှင်များအနေနဲ့လည်း ခွင့်ပြုချက်မရရှိဘဲနဲ့ လုပ်ငန်းဆောင်ရွက်ရန် မသင့်သလို မိမိတို့ကိုယ်တိုင် ပုံစံများ၊ ဒီဇိုင်းများ၊ လုပ်ငန်းခွင် စစ်ဆေးခြင်းများ မပြုလုပ်နိုင်တဲ့ အဆောက်အအုံတွေအတွက် တာဝန်ယူ၊ တာဝန်ခံမှုတွေ မပြုလုပ်သင့်ကြောင်း သတိထားဆင်ခြင်ရမှာ ဖြစ်ပါတယ်။

တရားဝင်ခွင့်ပြုချက်နဲ့ ဆောက်လုပ်တဲ့ အဆောက်အအုံများအပိုင်းမှာတော့ ကျွန်တော်တို့ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများအနေနဲ့ (၁)အချက်အနေနဲ့ ခွင့်ပြုချက်လျှောက်ထားစဥ်မှာ အုပ်ချုပ်မှုပိုင်းဆိုင်ရာ စာရွက်အထောက်အထားများသာမက အင်ဂျင်နီယာပညာရပ်ပိုင်းဆိုင်ရာ စာရွက်စာတမ်း၊ အထောက်အထားများအား စစ်ဆေးအတည်ပြုခြင်း၊ (၂)အချက်အနေနဲ့ ခွင့်ပြုချက် ရရှိပြီးတော့ တည်ဆောက်စဥ်မှ ပြီးစီးတဲ့အချိန်အထိ ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ အတည်ပြုထားတဲ့ အချက်အလက်များအတိုင်း ဆောင်ရွက်စေရေး မြေပြင်စစ်ဆေးခြင်းများ မလွဲမသွေဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီတင်ပြပါအချက်(၂)ချက်ကို ဆောင်ရွက်ဖို့အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများအနေနဲ့ ဝန်ထမ်းအင်အား နည်းပါးမှုတွေနဲ့ လုပ်ငန်းတာဝန် များပြားမှုတွေကြောင့် အခက်အခဲ ရှိနေနိုင်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီလုပ်ငန်းတွေကလည်း မဖြစ်မနေ ဆောင်ရွက်ရမယ့် လုပ်ငန်းများဖြစ်တဲ့အတွက် ဒီအခြားအင်ဂျင်နီယာ ပညာရှင်အဖွဲ့အစည်း ဒါမှမဟုတ် Consultancy အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်သွားသင့်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။

သို့မှသာ အဆောက်အအုံဆိုင်ရာ နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ အင်ဂျင်နီယာပညာရှင်မျိုးဆက်များ ပေါ်ထွက်လာခြင်းနဲ့အတူ ပြည်သူလူထုနေထိုင်ဖို့ ဘေးကင်းလုံခြုံစိတ်ချရသော သဘာဝပတ်ဝန်းကျင်ထိခိုက်မှု နည်းပါးသော စံချိန်စံညွှန်းမီ အဆောက်အအုံများ ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြ မေးမြန်းလိုတဲ့ မေးခွန်းများကတော့ (က) အထပ်မြင့်ကန်ထရိုက်တိုက်များဆောက်ရာတွင် ဒီဇိုင်း (Design) အပိုင်း၊ အရည်အသွေးနှင့် စံချိန်စံညွှန်း စစ်ဆေးမှုအပိုင်း (Specification and Quality Control) နှင့် ဘေးအန္တရာယ်ကင်းရှင်းရေး (Safety) အပိုင်းနဲ့ သက်ဆိုင်ရာ ဆောက်လုပ်ရေးအဆင့်များ (Construction Sequences) များအလိုက် စနစ်တကျ ဆောင်ရွက်နိုင်မှုအား မြေပြင် စစ်ဆေးသွားရန် အစီအစဉ် ရှိ/မရှိ။ (ခ) အရည်အသွေးပြည့်ဝ၍ ဘေးကင်းလုံခြုံစိတ်ချရသော အဆောက်အအုံများ ဆောက်လုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံရှိ အင်ဂျင်နီယာပိုင်းဆိုင်ရာ အသင်းအဖွဲ့များဖြင့် ရေရှည် ပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ မေးခွန်းများအား လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၄။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံး သုခမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် နှစ်ဦးမှ မေးမြန်းထားတဲ့ မေးခွန်းများကို ဖြေကြားတဲ့အခါမှာ ပထမမေးခွန်းအနေနဲ့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဗိုလ်မှူးချုပ်အောင်ကျော် မှ မေးမြန်းထားတဲ့ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်-မိုင်းယောင်း ကားလမ်းအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ အစီအစဉ် ရှိပါက မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုသည်နဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မှာရှိတဲ့ မိုင်းဖြတ်-မိုင်းယောင်းလမ်းဟာ (၄၅)မိုင် (၂)ဖာလုံ ရှည်လျား ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့ လမ်း ဖြစ်ပါတယ်။ ဒီမှာ ကျွန်တော် Power Point နဲ့ တင်ပြထားတာ ဖြစ်ပါတယ်။ ဒါ မိုင်းယောင်း ဖြစ်ပါတယ်။ ဒါ မိုင်းဖြတ် ဖြစ်ပါတယ်။ မိုင်းဖြတ်ကတော့ ကျိုင်းတုံ-မိုင်းဖြတ်-တာချီလိတ် လမ်းပေါ်မှာ ရှိတဲ့ လမ်းဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီလမ်းကို ကျွန်တော်တို့ ပြန်လည်သုံးသပ်တဲ့အခါမှာ ၃၁-၃-၂၀၁၄ နေ့အထိ လမ်းအခြေအနေကတော့ ကတ္တရာလမ်း (၄)မိုင် (၅)ဖာလုံ၊ ကျောက်လမ်း (၂၉)မိုင် (၆)ဖာလုံ၊ အမာခံလမ်း (၁၀)မိုင် (၇)ဖာလုံ စုစုပေါင်း (၄၅)မိုင် (၂)ဖာလုံ ရှိတာကို တွေ့ရှိရပါတယ်။ ဒီလမ်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေ ကျပ်သန်း(၆၀၀)နဲ့ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်း ရန်ပုံငွေကျပ် (၁၀)သန်း၊ စုစုပေါင်း ကျပ်သန်း(၆၁၀)နဲ့ ကတ္တရာလမ်းသစ်ခြင်း (၂)မိုင် (၅)ဖာလုံ၊ တံတားနဲ့ရေပြွန် တည်ဆောက်ခြင်း (၂)စင်း၊ မုန်းလိုက်တံတားအား နှစ်လွှာတစ်ထပ် ဘေလီမှ သုံးလွှာ တစ်ထပ်ဘေလီ (Double Single ကနေ Triple Single) အဖြစ် ပြောင်းလဲဆောင်ရွက်ခြင်း တစ်စင်း ဆောင်ရွက်ခဲ့ပါတယ်။ ဒီလုပ်ငန်းတွေကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်သွားမှာ ဖြစ်ပြီး တော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာတော့ ကတ္တရာလမ်းသစ်ခင်းခြင်း မိုင်(၂၀)၊ ကတ္တရာရေပိတ်လွှာ ဒုတိယထပ်ခင်းခြင်း (၂)မိုင် (၄)ဖာလုံ၊ မြေသားလမ်းချဲ့ခြင်း (၆)ဖာလုံ၊ ချောင်းသဲကျောက်ဖြင့် ဖာထေး ပြုပြင်ခြင်း (၁၄)မိုင်၊ လမ်းပုံဖော်ခြင်း (၁၀)မိုင်၊ မြေထိန်းနံရံ ကျောက်စီရေမြောင်း တွဲလျက်တည်ဆောက် ခြင်း (၄၉၀၀)ပေ၊ မြေထိန်းနံရံ တည်ဆောက်ခြင်း (၂၅၀)ပေ၊ တံတားနှင့် ရေပြွန်တည်ဆောက်ခြင်း (၁၈)စင်း၊ ကျောက်စီရေမြောင်း တည်ဆောက်ခြင်း (၃၅၀၀)ပေ စတဲ့ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေ ကျပ်(၆၄၂၂)သန်းနဲ့ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ် (၆၉၄)သန်း၊ စုစုပေါင်း (၇၁၁၆)သန်း တင်ပြတောင်းခံပြီးတော့ ဆောင်ရွက်သွားဖို့ လျာထားထားတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းဖြတ်-မိုင်းယောင်းလမ်းကို ဒေသခံပြည်သူများ အချိန်တိုအတွင်း ကူးသန်းသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ကတ္တရာလမ်းအဆင့် ရောက်ရှိ ရေး ရည်မှန်းပြီးတော့ ဆောင်ရွက်လျက်ရှိရာမှာ ကျန်ရှိတဲ့ ကျောက်လမ်းနဲ့ အမာခံလမ်းများကို နှစ်စဉ် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေများ တင်ပြတောင်းခံပြီး ကတ္တရာလမ်းအဆင့် ရောက်ရှိအောင် ဆောင်ရွက် သွားမှာ ဖြစ်ပါကြောင်း ပထမမေးခွန်းကို လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ဒုတိယမေးခွန်းဖြစ်တဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ကြီး ဗိုလ်မှူးရဲမင်းထွေး မေးမြန်းထားတဲ့ အထပ်မြင့်ကန်ထရိုက်တိုက်များ ဆောက်လုပ်ရာတွင် ဒီဇိုင်းအပိုင်း၊ အရည်အသွေးနှင့် စံချိန်စံညွှန်းအပိုင်း၊ သက်ဆိုင်ရာ ဆောက်လုပ်ရေး အဆင့်များအလိုက် စနစ်တကျ ဆောင်ရွက်နိုင်မှုအား စစ်ဆေးသွားရန် အစီအစဉ် ရှိ/မရှိနဲ့ အရည်အသွေး ပြည့်ဝ၍ လုံခြုံစိတ်ချရသော အဆောက်အအုံများ ဆောက်လုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံရှိ အင်ဂျင်နီယာပိုင်းဆိုင်ရာ အသင်းအဖွဲ့များဖြင့် ရေရှည်ပူးပေါင်း ဆောင်ရွက်သွားမည့် အစီအစဉ် ရှိ/မရှိ မေးခွန်းများနဲ့ပတ်သက်ပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းပညာရပ်ဆိုင်ရာ အသုံးအနှုန်းများ တင်ပြရာမှာ အင်္ဂလိပ်ဘာသာဖြင့် ပါဝင်ပါက ခွင့်ပြုပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ အမျိုးသားလွှတ်တော်မှ အင်ဂျင်နီယာပိုင်းဆိုင်ရာ မေးခွန်းများဟာ အင်ဂျင်နီယာများရဲ့ ပညာရပ်ဆိုင်ရာ အသည်းနှလုံးကို တိုက်ရိုက်နိုးဆွစေပြီးတော့ ပညာရပ်ပိုင်းဆိုင်ရာ အလွန်နက်နဲပြီး အခြေခံကျတဲ့ မေးခွန်းများ ဖြစ်တာကြောင့် အမျိုးသားလွှတ်တော်မှ မေးခွန်းများနဲ့ အဖြေများကို ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ လမ်းညွှန်အဖြစ် သတ်မှတ်ပြီး ကွင်းအင်ဂျင်နီယာများသို့ ညွှန်ကြားချက် ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ အထပ်မြင့် အဆောက်အအုံများ တည်ဆောက်ရာမှာလည်းကောင်း လူဦးရေ (၅၀၀)နဲ့အထက် ဝင်/ထွက် အသုံးပြုနေတဲ့ အဆောက်အအုံ

အားကစားရုံ၊ ဈေးဝယ်စင်တာကြီးများ၊ ခန်းမကြီးများ၊ တည်ဆောက်ရာမှာလည်းကောင်း ဒီဇိုင်းအပိုင်း အရည်အသွေးအပိုင်းနဲ့ စံချိန်စံညွှန်းအပိုင်း၊ Construction Sequences များသည် များစွာ အရေးကြီးပါတယ်။

ထို့အတူ အထပ်နိမ့် အဆောက်အအုံများနဲ့ အခြားဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းအားလုံး တည်ဆောက်ရာမှာလည်း Construction Industry တစ်စုလုံးအတွက် မှန်ကန်တဲ့ စည်းမျဉ်း စည်းကမ်းများ ညွှန်ကြားချက်များ တစ်ပြေးညီ ထုတ်ပြန်ရန် အလွန်အရေးကြီးသောကြောင့် အမျိုးသားလွှတ်တော်မှာလည်း မြန်မာနိုင်ငံရဲ့ အဆောက်အအုံ ကိုဥပဒေ အဆို တင်ပြပြီးဖြစ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ Myanmar Building Code ရေးဆွဲပြုစုလျက်ရှိရာမှာ Construction Industry တစ်ခုလုံးကို တိကျစွာ ဦးဆောင်လမ်းညွှန်ပေးနိုင်မယ့် Construction Industry Development Board - CIDB ဆောက်လုပ်ရေးလုပ်ငန်းများဆိုင်ရာ ဖွံ့ဖြိုးရေးဘုတ်အဖွဲ့ တည်ထောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ CIDB ရဲ့ လက်အောက်မှာ ၂၀၁၃ ခုနှစ် ဩဂုတ်လ ကတည်းက နိုင်ငံတော်မှ ဖွဲ့စည်းပေးတဲ့ Committee for Quality Control of High - Rise Building Construction Project (CQHP) အထပ်မြင့် အဆောက်အအုံ တည်ဆောက်ရေး စီမံကိန်းများ ကြီးကြပ်ရေးပညာရှင်အဖွဲ့မှာ ဗိသုကာ၊ ရေသန့်၊ လျှပ်စစ်နှင့် Air Conditioning and Ventilation အတွက် ထောက်ခံမှုပြုခြင်း၊ ထို့အပြင် မီးသတ်ဦးစီးဌာနမှ လိုအပ်သော စစ်ဆေးမှုများ ဆောင်ရွက် စေခြင်း၊ အဆောက်အဦရဲ့ Foundation Design နဲ့ လုပ်ငန်းများ စစ်ဆေးထောက်ခံမှုပြုခြင်း၊ အဆောက်အဦအပေါ်ပိုင်း Superstructure Design အသေးစိတ် စစ်ဆေးထောက်ခံမှုပြုခြင်း၊ အဆောက်အဦအတွက် Earthquake Resistant Design မြေငလျင်ဒဏ်ခံနိုင်ရည် အသေးစိတ် စိစစ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ CQHP အဖွဲ့မှ အထပ်မြင့် အဆောက်အဦများနှင့်ပတ်သက်ပြီး မှီငြမ်းစာအုပ်များ ဝယ်ယူစုဆောင်းခြင်း၊ Technical Workshop များ ပြုလုပ်ခြင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ မြေငလျင်ကော်မတီတို့နဲ့ ပူးပေါင်းပြီး အခြားနိုင်ငံများမှ ပညာရှင်များပါ ဖိတ်ခေါ်ပြီးတော့ Technical Workshop များ ဆောင်ရွက်လျက် ရှိပါတယ်။ ယခုအခါ ဆောက်လုပ်ရေးဝန်ကြီးဌာနမှာ ၂၉-၄-၂၀၁၄ ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ CQHP အစည်းအဝေး ဆုံးဖြတ်ချက်များအရ အထပ်မြင့် စီမံကိန်းများ ယခုထက် စနစ်တကျ ကြီးကြပ်စစ်ဆေး နိုင်ရေးအတွက် Structure Designer များ ပုံစံထုတ်ပညာရှင်၊ Geotechnical များ၊ မြေအမျိုးအစား ခွဲခြားသော ပညာရှင်၊ Architect ဗိသုကာပညာရှင်များ၊ လျှပ်စစ်၊ ရေသန့် စက်မှုပညာရှင်များ ပူးပေါင်းပါဝင်တဲ့ CQHP အဖွဲ့ကို ပြန်လည်ဖွဲ့စည်းပြီး နိုင်ငံတော်အစိုးရအဖွဲ့သို့ တင်ပြရန် ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ အထပ်မြင့်ကန်ထရိုက်တိုက်များ ဆောင်ရွက်ရာမှာ ဒီဇိုင်းအပိုင်း အရည်အသွေးနဲ့ စံချိန်စံညွှန်း စစ်ဆေးမှုအပိုင်းနဲ့ Construction Sequences ဆောက်လုပ်ရေးလုပ်ငန်း အဆင့်များအလိုက် စစ်ဆေးခြင်းများကို ၂၀၁၃ ခုနှစ်မှစ၍ CQHP အထပ်မြင့် အဆောက်အအုံ တည်ဆောက်ရေး စီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့က စိစစ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာနဲ့အညီ Construction Industry Development Board - CIDB ကိုလည်း ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနဲ့ အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ အထပ်မြင့် ကန်ထရိုက်တိုက်များ ဆောက်လုပ်ရာမှာ အရည်အသွေး စံချိန်စံညွှန်း ပြည့်မီစေရန်အတွက် လုပ်ငန်းစဉ်များ အဆင့်ဆင့် ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ စီမံကိန်း ဆောင်ရွက်မည့် မြေနေရာ ကွင်းဆင်းတိုင်းတာပြီးတော့ မြေတိုင်းမြေပုံထုတ်ခြင်း (Survey and Mapping)၊ မြေအားခံနိုင်ဝန်အား စစ်ဆေးခြင်း (Soil Test) လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြေတိုင်းမြေပုံပေါ်တွင် အိမ်ရာစီမံကိန်း (Master Plan) ရေးဆွဲပြီးတော့ မြေခံနိုင်ရည် စစ်ဆေးမှုရလဒ် (Soil Test Result) ပေါ် မူတည်ပြီးတော့ အဆောက်အအုံ ဒီဇိုင်း (Architectural and Structure Design) များကို ရေးဆွဲခြင်း အထပ်မြင့် အဆောက်အဦများရဲ့ ကုန်ကျစရိတ် နဲ့ အိမ်ရာစီမံကိန်းအတွင်းရှိတဲ့ ကွန်ကရစ်လမ်း၊ အုတ်ရေမြောင်း၊ ရေစီးရေလာစနစ်၊ ရေရရှိရေး၊ လျှပ်စစ်မီးသွယ်တန်းရေး စတဲ့ အခြေခံအဆောက်အဦ ကုန်ကျစရိတ် များကို တွက်ချက်ခြင်း စသည်တို့ကို အကြံပြုအင်ဂျင်နီယာလုပ်ငန်းများအဖြစ် ဆောင်ရွက်ရပါတယ်။ ထို့အပြင် စီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့သို့ စံချိန်စံညွှန်းများ ညီညွတ်မှု ရှိ/မရှိ စစ်ဆေးရန် တင်ပြပြီးတော့ သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီများရဲ့ အင်ဂျင်နီယာများမှ ထပ်မံ စိစစ်ခွင့်ပြုမိန့် ရမှသာ ဆောက်လုပ်ရခြင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း MES မှလည်း အထပ်မြင့်အဆောက်အဦ များ ဆောက်လုပ်ရာတွင် စံချိန်စံညွှန်း ပြည့်မီရန်အတွက် ညှိနှိုင်းအကြံပြုချက်များ ရယူဆောင်ရွက် လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ အထပ်မြင့် အဆောက်အအုံများ ဆောက်လုပ်ရာမှာ ဒီဇိုင်း၊ အရည်အသွေး၊ စံချိန်စံညွှန်းစစ်ဆေးမှုနဲ့ ဆောက်လုပ်ရေးအဆင့်ဆင့်များအလိုက် တင်ပြပါအတိုင်း စနစ်တကျဆောင်ရွက် လျက်ရှိပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာ့လေကြောင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာတဲ့ မြန်မာ့လေကြောင်း ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၅။**

**ဗိုလ်မှူးကြီးခင်စိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဗိုလ်မှူးကြီးခင်စိုး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ မြန်မာ့လေကြောင်းဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ / ၂၀၁၄-၅၀၉
ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်

၁။ မြန်မာ့လေကြောင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးခဲ့ပြီး အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ၂၄-၆-၂၀၁၄ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။ ဤဥပဒေကြမ်းအပေါ် ပြည်သူ့လွှတ်တော်က ၂၂-၉-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ပါသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၂၁-၁၀-၂၀၁၄ ရက်နေ့၌ ကျင်းပပြုလုပ်သော အမျိုးသားလွှတ်တော် အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အကြံပြု ဆွေးနွေးခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ မြန်မာ့လေကြောင်းဥပဒေကြမ်းအပေါ်တွင် အကြံပြုဆွေးနွေးခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွှန့်တင် နှင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီတို့သည် ၂၁-၁၀-၂၀၁၄ ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ပြီး အောက်ပါအတိုင်း သဘောတူညီခဲ့ကြပါသည် -

(က) အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေကြမ်း ပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)ကို ပြည်သူ့လွှတ်တော်က ပယ်ဖျက်ရန်ကိစ္စနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းရာတွင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရန် အဖွဲ့ဝင်တစ်ဦးကို ဥက္ကဋ္ဌက တာဝန်ပေး

အပ်နိုင်ရန်အတွက် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းသာ ထားရှိသင့်ပြီး ပုဒ်မ ၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၇)အဖြစ် ပြောင်းလဲအမှတ်စဉ်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါသည်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဂ) နှင့် ပုဒ်မ ၁၁၊ ပုဒ်မခွဲ(င) ဖြည့်စွက်ခြင်းနှင့်စပ်လျဉ်း၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းနှင့် မြန်မာ့လေကြောင်းဥပဒေကြမ်း နှစ်ခုလုံးကို လိုက်လျောညီထွေမှုရှိစေရန်အတွက် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းသာထားရှိသင့်ကြောင်း သဘောတူညီခဲ့ကြပါသည်။

(ဂ) အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေကြမ်း ပုဒ်မ ၉၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က) နှင့် ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ခ)တို့တွင် ဖော်ပြထားချက်များကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းသာ ဆက်လက်ထားရှိသင့်ပါကြောင်း သဘောတူညီခဲ့ပါသည်။

(ဃ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၁၅၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မခွဲ(ဇ)၊ ပုဒ်မခွဲ(ဌ)၊ ပုဒ်မ ၁၈၊ ပုဒ်မခွဲ(က) နှင့် ပုဒ်မ ၂၀၊ ပုဒ်မခွဲ(က) ပြင်ဆင်အစားထိုးချက်များအပေါ် မြန်မာ့လေကြောင်း ဥပဒေကြမ်းနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်း တို့သည် ပို့ဆောင်ရေးဝန်ကြီးဌာန တစ်ခုတည်းက စီမံခန့်ခွဲဆောင်ရွက်ရမည့် ဥပဒေကြမ်းများဖြစ်သဖြင့် ပြဋ္ဌာန်းချက်များ တူညီမှုရှိစေရန်အတွက် အောက်ပါအတိုင်း ပြင်ဆင်အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၁၁။(ဃ) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦးဦးမှာ ငွေရေးကြေးရေး အကျိုးသက်ဆိုင်ခွင့် သို့မဟုတ် အခြားအကျိုးသက်ဆိုင်ခွင့် ရှိ/မရှိ ဆုံးဖြတ်ရန် အကြောင်းပေါ်ပေါက်လျှင် အဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည် ဖြစ်သည်။

၁၅။(က) ဝန်ကြီးဌာနသည် အကြောင်းတစ်ခုခုကြောင့် အဖွဲ့ဝင်ရာထူးနေရာလစ်လပ်လျှင် လစ်လပ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အဖွဲ့ဝင်အသစ်ကို သတ်မှတ်ချက်များနှင့်အညီ ဖြည့်စွက်ခန့်ထားရမည်။

၁၇။(က) မြန်မာအမျိုးသားလေကြောင်းသည် ဤဥပဒေအရ လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများကို ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူ၍ ပြည်တွင်း၊ ပြည်ပဘဏ်များနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများထံမှ ဥပဒေနှင့်အညီ ငွေချေးယူခြင်း၊ ပြန်လည်ပေးဆပ်ခြင်း၊ ငွေထုတ်ချေးခြင်း၊ ပြန်လည်ရယူခြင်းနှင့် အထောက်အပံ့များ ရယူခြင်း၊

( င ) နိုင်ငံတော်က လွှဲအပ်သည့် သို့မဟုတ် လုပ်ပိုင်ခွင့်ပေးအပ်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းတို့ကို ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် လေကြောင်းလုပ်ငန်းများတွင် အသုံးပြုပိုင်ခွင့်ရှိခြင်း၊

( စ ) ကုန်စည်များ လက်ခံတင်ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းတို့ကို ကိုယ်စားလှယ် လုပ်ငန်းအသွင်ဖြင့် ဆောင်ရွက်ပိုင်ခွင့်ရှိခြင်း၊

(ဆ) လုပ်ငန်းဆိုင်ရာ ဝန်ဆောင်ခနှုန်း၊ လုပ်ခနှုန်း၊ ထုတ်လုပ်မှုနှုန်း၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သည့် ဝန်ဆောင်ခနှုန်းများကို သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ခွင့်၊ ပြင်ဆင်ခွင့်ရှိခြင်း၊

( ဇ ) အလုပ်ချိန်များ၊ အလုပ်ခွင်စည်းမျဉ်း စည်းကမ်းများကို တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ်ဆောင်ရွက်ခွင့်ရှိခြင်း၊

( ဋ ) လေယာဉ်၊ ရဟတ်ယာဉ်၊ ယာဉ်နှင့် အသုံးမလိုတော့သည့် ပစ္စည်းများ၊ လေယာဉ် နှင့် စက်ယန္တရားများကို ပြင်ဆင်ရာမှ ရရှိသည့် အသုံးမလို ပိုလျှံပစ္စည်းများကို ထုခွဲရောင်းချခြင်းနှင့် လဲလှယ်ခြင်း၊

၁၈။(က) မြန်မာအမျိုးသားလေကြောင်းရှိ အရာထမ်းများ၊ အမှုထမ်းများ၊ လေယာဉ်မှူးများ၊ အင်ဂျင်နီယာများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝန်ထမ်းများကို ခန့်ထားခြင်း၊ တာဝန်ပေးခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း၊ အရေးယူ အပြစ်ပေးခြင်း၊ ထုတ်ပယ်ခြင်းနှင့် အငြိမ်းစားပေးခြင်း တို့ကို ဆောင်ရွက်ရမည်။

၂၀။(က) မြန်မာအမျိုးသားလေကြောင်းက လွှဲပြောင်းရယူမည့် နိုင်ငံတော်ပိုင်ပုံသေပိုင် ပစ္စည်းများကို နှစ်ဖက်ညှိနှိုင်းသတ်မှတ်ထားသော တန်ဖိုးဖြင့် ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူခွင့်ပြုချက်အရ တန်ဖိုးတွက်ချက် သတ်မှတ်၍ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအဖြစ် ဖော်ပြထားရမည်။

( င ) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေကြမ်း ပုဒ်မ ၂၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲ(စ)၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၅၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၇၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲ(တ)၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(င)၊ ပုဒ်မ ၁၃၊ ပုဒ်မ ၁၄၊ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(စ)၊ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲ(ဈ)၊ ပုဒ်မခွဲ(ည)၊ ပုဒ်မခွဲ(ဋ)၊ ပုဒ်မခွဲ(ဌ)၊ ပုဒ်မ ၁၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မခွဲ(ဋ)နှင့် အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေကြမ်း ပုဒ်မ ၂၄ တို့ကို ပြည်သူ့ လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်အစားထိုးချက်များအတိုင်း လက်ခံသင့်ကြောင်း ညှိနှိုင်း သဘောတူညီမှုရရှိခဲ့ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ မြန်မာ့လေကြောင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာသည့် ပြင်ဆင်ချက်များအနက် အမျိုးသားလွှတ်တော်က မူလအတည်ပြုခဲ့သည့်အတိုင်းသာ ထားရှိသင့်သည့် ပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၉၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ခ)၊ အမျိုးသားလွှတ်တော်က ပြန်လည်ပြင်ဆင်ထားသည့် ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၁၅၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မခွဲ(ဈ)၊ ပုဒ်မခွဲ(ဌ)၊ ပုဒ်မ ၁၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(က)နှင့် မလိုအပ်၍ ပယ်ဖျက်သင့်သည့် ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် ပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(င) တို့အပေါ် လွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာ့လေကြောင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာ့လေကြောင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့လေကြောင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာသည့် အနက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များဖြစ်တဲ့ -

အပိုဒ် ၂(ဂ)(ဃ)(စ)၊ အပိုဒ် ၃(က)(ခ)(ဃ)၊ အပိုဒ် ၄(က)(ခ)၊ အပိုဒ် ၅(က)(ခ)(ဂ)၊ အပိုဒ် ၆(ခ)၊ အပိုဒ် ၇(ဂ)(တ)၊ အပိုဒ် ၈ (က)(၁)(၂)(၃)(၄)(၅)(၆)၊ အပိုဒ် ၁၁(က)(ခ)(ဂ)၊ အပိုဒ် ၁၂(င)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၆(စ)၊ အပိုဒ် ၁၇(ဂ)(ဃ)(ဈ)(ည)(ဋ)(ဍ)၊ အပိုဒ် ၁၈(ခ)၊ အပိုဒ် ၂၀(ခ)(ဂ)(ဃ)(ဆ)(ဌ) တို့ကို ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းထားရှိရန် တင်ပြထားပါတယ်။

ဒါကြောင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူ/မတူ လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသည့် အပိုဒ် ၂၄ ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။

ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

ဥပဒေကြမ်း၏

အပိုဒ် ၈(ခ)၊ အပိုဒ် ၉၊ အပိုဒ် ၁၂(က)(ခ)၊ အပိုဒ် ၁၇(ခ) နှင့် ပြောင်းလဲအမှတ်စဉ်ထားသည့် အပိုဒ် ၈(က)(၇)တို့ကို ဥပဒေကြမ်း ကော်မတီက အမျိုးသားလွှတ်တော်၏ မူလပြင်ဆင်အတည်ပြုချက်အတိုင်း ထားရှိသင့်ကြောင်း တင်ပြထားပါတယ်။

ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၁(ဃ)

၁၁။ (ဃ) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦးဦးမှာ ငွေရေးကြေးရေး အကျိုးသက်ဆိုင်ခွင့် သို့မဟုတ် အခြားအကျိုး သက်ဆိုင်ခွင့် ရှိ မရှိ ဆုံးဖြတ်ရန် အကြောင်းပေါ်ပေါက်လျှင် အဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၁(ဃ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၁(ဃ) သည် ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၅(က)

၁၅။ (က) ဝန်ကြီးဌာနသည် အကြောင်းတစ်ခုခုကြောင့် အဖွဲ့ဝင် ရာထူးနေရာ လစ်လပ်လျှင် လစ်လပ်သည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အဖွဲ့ဝင်အသစ်ကို သတ်မှတ်ချက်များနှင့်အညီ ဖြည့်စွက်ခန့်ထားရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၅(က) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၅(က) သည် ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၇(က)(င)(စ)(ဆ)(ဇ)(ဌ)

၁၇။ (က) မြန်မာအမျိုးသားလေကြောင်းသည် ဤဥပဒေအရ လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများကိုဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ရယူ၍ ပြည်တွင်း၊ ပြည်ပဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ဥပဒေနှင့်အညီ ငွေချေးယူခြင်း၊ ပြန်လည်ပေးဆပ်ခြင်း၊ ငွေထုတ်ချေးခြင်း၊ ပြန်လည်ရယူခြင်းနှင့် အထောက်အပံ့များ ရယူခြင်း၊

(င) နိုင်ငံတော်က လွှဲအပ်သည့် သို့မဟုတ် လုပ်ပိုင်ခွင့်ပေးအပ်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းတို့ကို ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် လေကြောင်းလုပ်ငန်းများတွင် အသုံးပြုပိုင်ခွင့်ရှိခြင်း၊

(စ) ကုန်စည်များ လက်ခံတင်ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းတို့ကို ကိုယ်စားလှယ်လုပ်ငန်းအသွင်ဖြင့် ဆောင်ရွက်ပိုင်ခွင့်ရှိခြင်း၊

(ဆ) လုပ်ငန်းဆိုင်ရာ ဝန်ဆောင်ခနှုန်း၊ လုပ်ခနှုန်း၊ ထုတ်လုပ်မှုနှုန်း၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သည့် ဝန်ဆောင်ခနှုန်းများကို သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ခွင့်၊ ပြင်ဆင်ခွင့်ရှိခြင်း၊

(ဇ) အလုပ်ချိန်များ အလုပ်ခွင်စည်းမျဉ်း စည်းကမ်းများကို တည်ဆဲဥပဒေများနှင့် အညီ သတ်မှတ်ဆောင်ရွက်ခွင့် ရှိခြင်း၊

(ဌ) လေယာဉ်၊ ရဟတ်ယာဉ်၊ ယာဉ်နှင့် အသုံးမလိုတော့သည့် ပစ္စည်းများ၊ လေယာဉ်နှင့် စက်ယန္တရားများကို ပြင်ဆင်ရာမှရရှိသည့် အသုံးမလို ပိုလျှံသည့် ပစ္စည်းများကို ထုခွဲရောင်းချခြင်းနှင့် လဲလှယ်ခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၇(က)(င)(စ) (ဆ)(ဇ)(ဌ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၇(က)(င)(စ) (ဆ)(ဇ)(ဌ)သည် ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၈(က)

၁၈။ စီမံခန့်ခွဲရေးအဖွဲ့သည် -

(က) မြန်မာအမျိုးသားလေကြောင်းရှိ အရာထမ်းများ၊ အမှုထမ်းများ၊ လေယာဉ်မှူးများ၊ အင်ဂျင်နီယာများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဝန်ထမ်းများကို ခန့်ထားခြင်း၊ တာဝန်ပေးခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း၊ အရေးယူ အပြစ်ပေးခြင်း၊ ထုတ်ပယ်ခြင်းနှင့် အငြိမ်းစားပေးခြင်းတို့ကို ဆောင်ရွက်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၈(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၈(က) သည် ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၂၀(က)

၂၀။ မြန်မာအမျိုးသားလေကြောင်းသည် -

(က) မြန်မာအမျိုးသားလေကြောင်းက လွှဲပြောင်းရယူမည့် နိုင်ငံတော်ပိုင် ပုံသေပိုင်ပစ္စည်းများကို နှစ်ဖက် ညှိနှိုင်းသတ်မှတ်ထားသော တန်ဖိုးဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်အရ တန်ဖိုးတွက်ချက်သတ်မှတ်၍ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု တန်ဖိုးအဖြစ် ဖော်ပြထားရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၀(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၀(က) သည် ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် -

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၈(ဂ)၊ အပိုဒ် ၁၁(င)တို့ကို အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။(ဩဘာသံများ)

**ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာ့လေကြောင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောထားကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆို တင်သွင်းခြင်း**

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၄ (က)အရ လွှတ်တော်တွင် ပြန်လည်ဆွေးနွေးရာ၌ ပြည်သူ့ လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောမတူကြောင်း တွေ့ရှိရတဲ့အတွက် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထိုသို့ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၆။**

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ လာသော မြန်မာ့လေကြောင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောထား ကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်တင် မှ အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**မြန်မာ့လေကြောင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့လေကြောင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့်အချက်ကို ပြည်ထောင်စု လွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မျိုးစေ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မျိုးစေ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးဖို့ အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် မျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြင်ဆင်ထားတဲ့အတိုင်း တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၂(ခ)(ဂ)

၂။ (ခ) ပုဒ်မခွဲ(ဈ)၌ ပါရှိသော စီးပွားရေးအလို့ငှာ ဖြန့်ဖြူးခြင်း ဆိုသည့် စကားရပ်ကို ပြည်ပသို့ တင်ပို့၍ဖြစ်စေ၊ စီးပွားရေးအလို့ငှာ ဖြန့်ဖြူးခြင်း ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ(ည)၌ပါရှိသော သတ်မှတ်သောအလေးချိန်ဆိုသည့် စကားရပ်ကို သီးနှံအမျိုး အစားအလိုက် သတ်မှတ်ထားသော အလေးချိန်ဆိုသည့် စကားရပ်ဖြင့် အစားထိုးရ မည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(ခ)(ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(ခ)(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၄း၃၅။**

**ဥက္ကဋ္ဌ**။ ။ ဒုတိယဝန်ကြီးက ထဆွေးနွေးစရာရှိလို့ရှိရင် ထဆွေးနွေးလို့ရတယ်နော်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၄

၄။ မျိုးစေ့ဥပဒေ ပုဒ်မ ၅ တွင် ပုဒ်မခွဲ(ဆ)၏နောက်၌ ပုဒ်မခွဲ(ဇ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်၍ မူလဥပဒေပါ ပုဒ်မခွဲ(ဇ) ကို ပုဒ်မခွဲ(ဈ) အဖြစ် အမှတ်စဉ်ပြောင်းလဲရမည် -

(ဇ) မှတ်ပုံတင်လက်မှတ်ခ၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခ၊ လိုင်စင်ခ၊ လိုင်စင် သက်တမ်းတိုးမြှင့်ခနှင့် အခြားအခကြေးငွေတို့ကို ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် -

အပိုဒ် ၉

၉။ မျိုးစေ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ် ၈ ၏ နောက်တွင် ပုဒ်မခွဲငယ် ၈-က အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ရမည် -

၈-က။ အမျိုးသားမျိုးစေ့ကော်မတီ၏ အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်ရရှိထားသော မျိုးစေ့ အရည်အသွေး စစ်ဆေးခန်း၏ ထောက်ခံချက်ဟု ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉ ပြင်ဆင် ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၂

၁၂။ မျိုးစေ့ဥပဒေပုဒ်မ ၃၁ တွင် -

(က) ပုဒ်မခွဲ(က)၌ ပါရှိသော ဖြန့်ဖြူးရောင်းချခြင်း ဆိုသည့်စကားရပ်ကို စီးပွားရေးအလို့ငှာ မဟုတ်သော ဖြန့်ဖြူးရောင်းချခြင်းဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ခ)၌ ပါရှိသော မျိုးပွားခြင်းမဟုတ်ဘဲ ဆိုသည့်စကားရပ်ကို မျိုးပွားခြင်း မဟုတ်ဘဲ သီးနှံစေ့ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၃

၁၃။ မျိုးစေ့ဥပဒေပုဒ်မ ၃၂ တွင်ပါရှိသော မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးသော တောင်သူလယ်သမား နှင့် မျိုးစေ့သုတေသန ပြုလုပ်သူဆိုသည့် စကားရပ်ကို စီးပွားရေးအလို့ငှာ မဟုတ်သည့် မျိုးစေ့ ထုတ်လုပ် ဖြန့်ဖြူးသော တောင်သူလယ်သမားနှင့် မျိုးစေ့သုတေသနပြုလုပ်သူဆိုသည့် စကားရပ်ဖြင့် အစားထိုး ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၇

၁၇။ မျိုးစေ့ဥပဒေပုဒ်မ ၃၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၃၉။(က) အမျိုးသားမျိုးစေ့ကော်မတီနှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ၏ ရုံးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ရမည်။

(ခ) ပုဒ်မ ၇ အရ ဖွဲ့စည်းထားသော ကော်မတီခွဲများ၏ ရုံးလုပ်ငန်းများကို ဝန်ကြီးဌာန လက်အောက် သက်ဆိုင်ရာ လုပ်ငန်းများက ဆောင်ရွက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်-

မူလဥပဒေကြမ်း၏

အပိုဒ် ၁၊ အပိုဒ် ၂(က)၊ အပိုဒ် ၃၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆ တို့ကို မူလအဆိုပြုချက်အတိုင်းအတည်ပြုရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည် ဖြစ်သည်။(သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၁၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၁၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက မျိုးစေ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ၁၅၈၊ နည်းဥပဒေခွဲ(ခ)အရ မျိုးစေ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး က အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၆။**

**ဦးအုန်းသန်း (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ မျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီး ကိုယ်စား ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော်ဦးအုန်းသန်း မှ အဆိုတင် သွင်းသွားမှာ ဖြစ်ပါတယ်။

မျိုးကောင်းမျိုးသန့် မျိုးစေ့များကို အသုံးပြု၍ သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်နဲ့ စီးပွားဖြစ်မျိုးစေ့များကို စနစ်တကျ လုပ်ဆောင်နိုင်ရန်အတွက် မျိုးစေ့ဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၁/၂၀၁၁ ဖြင့် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် အတည်ပြု ပြဋ္ဌာန်းထားခဲ့ပါတယ်။ မျိုးစေ့ ဥပဒေဟာ နိုင်ငံတော်အတွက် အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့် မျိုးစေ့ ထုတ်လုပ်ဖြန့်ဖြူး အသုံးပြုစိုက်ပျိုးနိုင်ရန် လိုအပ်တဲ့ ဥပဒေတစ်ခု ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရသစ်လက်ထက် လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအား စိုက်ပျိုးရေး ဦးစီးဌာန အဖြစ်သို့ ဖွဲ့စည်းပုံ ပြောင်းလဲပြင်ဆင်ခဲ့မှုကြောင့် မျိုးစေ့ဥပဒေပါ ဌာနနဲ့ ရာထူးအခေါ်အဝေါ် အသုံးအနှုန်းများ ပြင်ဆင်ရန် လိုအပ်တဲ့အပြင် ဖွံ့ဖြိုးတိုးတက်လာတဲ့ စီးပွားဖြစ် မျိုးစေ့ တင်သွင်း၊ တင်ပို့ခြင်းလုပ်ငန်းများ စနစ်တကျ စီမံကွပ်ကဲရန် စံချိန်စံညွှန်းပြည့်မီတဲ့ မျိုးကောင်းမျိုးသန့် မျိုးစေ့များကို တောင်သူလယ်သမားများ ဝယ်ယူအသုံးပြုနိုင်စေရန်နှင့် ခေတ်စနစ်နဲ့အညီ ပုဂ္ဂလိက ထုတ်လုပ်ဖြန့်ဖြူး သည့် မျိုးစေ့လုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်ကြီးမှ အတည်ပြုပေးနိုင်ပါရန် အဆိုပြု တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၇။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၄၇။**

**ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)။** ။ မျိုးစေ့ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းအား မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ကျွန်တော် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမှတ်ကြီး က ထောက်ခံအပ်ပါသည်ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မျိုးစေ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၄၈။**

**ဥက္ကဋ္ဌ။** ။ ယခု အဆိုမှာ မျိုးစေ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် မျိုးစေ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၄)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၅)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၁၁း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]